
**NRFF - New Rehmonnya Federated Force**

# မွန်လူငယ်များရှုထောင့်မှ ဖက်ဒရယ်အား ဖျတ်ခနဲ မျှော်ကြည့်ခြင်း

## A GLANCE AT FEDERALISM FROM THE PERSPECTIVES OF MON YOUTH

July 2022



*သုတေသနစာတမ်း အကြောင်း*


| | |
|---|---|
| သုတေသနစာတမ်း - အမည် | မွန်လူငယ်များရှုထောင့်မှ ဖက်ဒရယ်အား ဖျတ်ခနဲ မျှော်ကြည့်ခြင်း<br>A Glance at Federalism from the perspectives of Mon Youth |
| ထုတ်ဝေသည့်အဖွဲ့ - | ရာမည ဖက်ဒရယ် အင်အားစုသစ်<br>(New Rehmonnya Federation Force) |
| ထုတ်ဝေသည့်ကာလ - | ဇူလိုင်လ ၁၀ ရက်နေ့၊ ၂၀၂၂ ခုနှစ် |
| ဆက်သွယ်ရန် - | nrff.mon@gmail.com |



# မာတိကာ


၅ အတိုကောက်ဝေါဟာရများ

၆ အကျဉ်းချုပ်တင်ပြချက်

၇ သုတေသနမိတ်ဆက်

၉ သုတေသနစာတမ်း၏ မူဘောင် နှင့် အကန့်အသတ်များ

၁၀ သုတေသနနည်းနာ

၁၁ အပိုင်း ၁ — ဖက်ဒရယ်၊ ဖက်ဒရယ်အတွင်းရှိ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်စံနှုန်းများ အား လူငယ်များ၏ ရှုထောင့်မှ ခြုံငုံတင်ပြခြင်း

(က) မွန်လူငယ်များနားလည်သည့်ဖက်ဒရယ်ဆိုသည်မှာ

(ခ) ဖက်ဒရယ်အတွင်းရှိ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်

(Self-Determination within Federal)

(ဂ) မွန်လူငယ်များပုံဖော်သည့် ဖက်ဒရယ် နှင့် အရေးကြီးသည့်အခြေခံမူများ

၁၆ အပိုင်း ၂ — ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအဟန့်အတား နှင့် စိန်ခေါ်မှုများ

(က) အဓိပ္ပာယ်ပြည့်ဝသည့် ဖက်ဒရယ် ဖွဲ့စည်းရေးကို လက်မခံသည့် စစ်တပ်

(ခ) ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် လိုအပ်သည့် နိုင်ငံရေးစိတ်ဆန္ဒ

(ဂ) ဖက်ဒရယ်ယူနစ်များ ဖွဲ့စည်းပုံဖော်ခြင်း

(ဃ) အာဏာရှင်ဆန့်ကျင်သည့် အင်အားစုများ၏ စည်းလုံးညီညွတ်မှုမရှိခြင်း

၁၈ အပိုင်း ၃ — မွန်လူငယ်များ သုံးသပ်၊ တင်ပြသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် လတ်တလော ဦးစားပေးလုပ်ဆောင်ရမည့် ကိစ္စရပ်များ

၂၀ အပိုင်း ၄ — ဖက်ဒရယ် တည်ဆောက်ရေးတွင် ပါဝင်ရမည့် အဓိကဇာတ်ကောင်များ

(က) ပါဝင်ရမည့်အဓိက ဇာတ်ကောင်များ

(ခ) ဖက်ဒရယ်တည်ဆောက်ရေးနှင့် လူငယ်များ၏ အခန်းကဏ္ဍ

၂၁ အပိုင်း ၅ — ဖက်ဒရယ်သို့ချီတက်ချိန် လက်တွေ့ကျသည့် မွန်လူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကိုယ်ထူကိုယ်ထ အကောင်အထည်ဖော်ဆောင်ရန်ခြင်း

၂၃ အပိုင်း ၆ — သုတေသနအဖွဲ့၏ မှတ်ချက် နှင့် အကြံပြုချက်များ

၂၆ ကျေးဇူးတင်ခြင်း

# အတိုကောက်ဝေါဟာရများ

| | |
|---|---|
| AA | Arakan Army<br>ရက္ခိုင့် တပ်တော် |
| CSOs | Civil Society Organizations<br>အရပ်ဖက် လူမှုအဖွဲ့အစည်းများ |
| CRPH | Committee for Representing Pyidaungsu Hluttaw<br>ပြည်ထောင်စု လွှတ်တော် ကိုယ်စားပြု ကော်မတီ |
| EAOs | Ethnic Armed Organizations<br>တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ |
| FCDCC | Federal Constitution Drafting and Coordinating Committee<br>ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေး နှင့် ညှိနှိုင်းမှု ကော်မတီ |
| KNU | Karen National Union<br>ကရင် အမျိုးသား အစည်းအရုံး |
| MSICC | State Interim Coordination Committee (MSICC)<br>မွန်ပြည် ကြားကာလ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ |
| MUP | Mon Unity Party<br>မွန်ညီညွတ်ရေး ပါတီ |
| NLD | National League for Democracy<br>အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် |
| NUG | National Unity Government<br>အမျိုးသားညီညွတ်ရေးအစိုးရ |
| NUCC | National Unity Consultative Council<br>အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ |
| NGOs | Non-government Organizations<br>အစိုးရမဟုတ်သော အဖွဲ့အစည်းများ |
| NMSP | New Mon State Party<br>မွန်ပြည်သစ်ပါတီ |
| PDF | People Defense Force<br>ပြည်သူ့ကာကွယ်ရေးတပ် |
| SAC | State Administration Council<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ |
| UNFC | United Nationalities Federal Council<br>ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ် ကောင်စီ |

# အကျဉ်းချုပ်တင်ပြချက်

"မွန်လူငယ်များ၏ ရှုထောင့်မှ ဖက်ဒရယ်အား လျှပ်တပြက် မျှော်ကြည့်ခြင်း" မူဝါဒအကြံပြု သုတေသနစာတမ်းသည် ဖက်ဒရယ် နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ ကိစ္စရပ်များအပေါ်တွင် နိုင်ငံရေး၊ လူမျိုးရေး၊ လူမှုရေး၊ လူငယ်အရေး၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဥပဒေရေးရာတွင် တက်ကြွလှုပ်ရှားသူ မွန်လူငယ်၊ လူငယ်ခေါင်းဆောင်များ၏ အမြင်သဘောထားများကို တင်ပြထားသည့် စာတမ်းဖြစ်ပါသည်။ အဓိက ရည်ရွယ်ချက်မှာ ဖက်ဒရယ်ရေးရာ ဆွေးနွေးရေး လုပ်ငန်းစဉ်များတွင် မွန်လူငယ်များ၏ အခန်းကဏ္ဍကို ဖော်ထုတ်ရန်နှင့် မွန်လူငယ်များ လိုလားသည့် ဖက်ဒရယ်ပုံစံကို မွန်နိုင်ငံရေးအင်အားစုများက သိရှိနားလည်ပြီး ဖက်ဒရယ်မူများ၊ ဖက်ဒရယ်ဖွဲ့စည်းပုံရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားနိုင်ရန် ဖြစ်သည်။

ယခုသုတေသန လေ့လာခြင်းတွင် ဘက်ပေါင်းစုံမှ အသက် (၁၆) နှစ်မှ (၃၅) နှစ်ကြား မွန်လူငယ်ခေါင်းဆောင်များ ပါဝင်လာနိုင်ရေးကို ဦးစားပေးကာ တွေ့ဆုံဆွေးနွေးမှုကို အဓိကသတင်း အချက်အလက်ပေးသူများနှင့် တွေ့ဆုံမေးမြန်းခြင်း (Key Informant Interview - KII) နှင့် အုပ်စုငယ် ဆွေးနွေးခြင်း (Focused Group Discussion) ပုံစံများဖြင့် အချက်အလက်များ စုဆောင်းခဲ့သည်။ လက်ရှိနိုင်ငံရေးအခင်းအကျင်း၏ လိုအပ်ချက်အရ ယခုသုတေသနစာတမ်းကို ပြုစုရခြင်းဖြစ်သော်လည်း မြေပြင်အခြေအနေနှင့် သုတေသီများ၏ လုံခြုံရေး အခြေအနေကြောင့် မွန်နိုင်ငံရေး၊ လူမျိုးရေး လှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်ခြင်း မရှိသည့် အခြားလူငယ်အစုအဖွဲ့များအား တွေ့ဆုံမေးမြန်းနိုင်မှု မရှိခဲ့ခြင်းအပါအဝင် အချို့ကန့်သတ်ချက်များ ရှိသည်ကို ယခုစာတမ်းမှ လေးစားစွာ အသိပေးပါသည်။ ဖက်ဒရယ်ကိစ္စရပ်များအပေါ် လူငယ်များ၏ အမြင်များကို အပိုင်းလိုက် ယခုစာတမ်းတွင် တင်ပြထားပါသည်။

ရှာဖွေတွေ့ရှိချက်များကို အချုပ်အားဖြင့် အောက်ပါအချက်တချို့ကို မီးမောင်းထိုး တင်ပြပြီး အသေးစိတ်ရှာဖွေတွေ့ရှိချက်များအား အပိုင်းလိုက် တင်ပြချက်များတွင် တင်ပြထားပါသည်။

- ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးသည် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးပဋိပက္ခများမှ ရုန်းထွက်ရန် ထွက်ပေါက်ဖြစ်နိုင်သည်ကို မွန်လူငယ်အများစုက ယုံကြည်ကြသည်။ ထိုဖက်ဒရယ်ပြည်ထောင်စုကို လူမျိုးများနှင့် ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အမျိုးသားရေး တန်းတူညီမျှခွင့်ကို အခြေခံသည့် ဖက်ဒရယ်စနစ်ဖြစ်ရမည်ဟု မှတ်ယူကြသည်။

- အမျိုးသားရေးတန်းတူညီမျှမှုကို အခြေခံသည့်အလျောက် ဗမာပြည်နယ်အပါအဝင် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ သို့မဟုတ် ဖက်ဒရယ်ယူနစ်များ၏ ဖွဲ့စည်းတည်ဆောက်ပုံကို ဆွေးနွေးချပြရန် လိုအပ်သည်။

- လက်ရှိစစ်ကောင်စီမှ ဦးဆောင်ဆွေးနွေးမည့် ဖက်ဒရယ်ရေးရာ ဆွေးနွေးမှုများသည် အဓိပ္ပါယ်ပြည့်ဝသည့် ဖက်ဒရယ်ပြည်ထောင်စုကို မတည်ဆောက်နိုင်သည့်အပြင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပိုမိုအခြေခိုင်သွားစေနိုင်သည့်အတွက် စစ်ကောင်စီနှင့် ဆွေးနွေးမှုများကို ရှောင်ရှားကြရန် အရေးကြီးကြောင်း ထောက်ပြကြသည်။

- ဖက်ဒရယ်ဖွဲ့စည်းပုံရေးဆွဲရာတွင် FCDCC ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း)၊ EAOs များ သဘောတူချမှတ်ထားခဲ့ကြသည့် ဖက်ဒရယ်အခြေခံမူများကို အခြေခံပြီး NUCC မှ ပြဋ္ဌာန်းထားသည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တို့နှင့် ပေါင်းစပ်သွားရမည်ဟု သဘောထားမှတ်ချက်ပေးကြသည်။

- ပြည်နယ်များအဆင့်တွင် ဖက်ဒရယ်သို့ ချီတက်ရန် ပြင်ဆင်ကြသည့်အနေဖြင့် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများကို ပြင်ဆင်ရေးဆွဲကြခြင်းသည် မရှိမဖြစ် လိုအပ်သည့် ပြင်ဆင်မှုဖြစ်၍ ထိုသို့ ရေးဆွဲရာတွင် ပြည်နယ်အတွင်းရှိ နေထိုင်ကြ သည့် တိုင်းရင်းသားအစုအဖွဲ့ပေါင်းစုံ ပါဝင်နိုင်ရေး၊ လူငယ်၊ အမျိုးသမီးများနှင့် အခြား ပါဝင်သင့်သူများ ပါဝင်နိုင်ရေးသည် အခရာကျကြောင်း ရှုမြင်ကြသည်။

- စစ်တပ်သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို မည်သည့်အကြောင်းကြောင့်မျှ ဖျက်သိမ်းမည်မဟုတ်ဟု ယူဆကြပြီး စစ်တပ်နှင့် ဖက်ဒရယ်အရေး ဆွေးနွေးခြင်း သည်လည်း အလုပ်မဖြစ်နိုင်ကြောင်း မှတ်ချက်ပြုကြသည်။

- ဗမာလူမျိုးစု အများစု၊ အထူးသဖြင့် NLD အပါအဝင် NUG တို့၏ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်လိုသည့် နိုင်ငံရေးစိတ်ဆန္ဒများသည် ၂၀၂၁ ခုနှစ် စစ် အာဏာသိမ်းပြီးနောက် ပြင်းပြစွာ ထွက်ပေါ်လာသော်လည်း လက်တွေ့တွင်မူ ဖက် ဒရယ်နှင့် ဆန့်ကျင်သည့် အပြုအမူများအား တွေ့မြင်နေရပြီး ၎င်းတို့၏ ဖက်ဒရယ် အပေါ် ကတိကဝတ်များကို ယုံကြည်ရန် ခက်ခဲနေဆဲဖြစ်ကြသည်။

- ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အပါအဝင် အခြားနိုင်ငံရေးဆိုင်ရာ ဆွေးနွေးမှုများတွင် ဘက်ပေါင်းစုံမှ ပါဝင်သင့်သူများအားလုံး ပါဝင်လာနိုင်မှသာလျှင် အဓိပ္ပါယ်ပြည့်ဝသည့် ဆွေးနွေးမှုဖြစ်မည်ဟု မှတ်ယူကြသည်။

- မွန်လူမျိုးများအနေဖြင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ကြိုးပမ်းနေ သည့် ကာလတွင် မိမိတို့လူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို မိမိတို့ကိုယ်တိုင် ဖန်တီး သွားကြရမည်ဖြစ်ပြီး လိုအပ်သည့် မွန်နိုင်ငံရေး အခြေခံအဆောက်အအုံများ ခိုင်မာ အားကောင်းလာစေရန် အောက်ခြေမှအစ ပြုပြင်ပြောင်းလဲမှုများကို လက်ရှိ အခြေအနေတွင် လုပ်ဆောင်သွားကြရမည်။

- မွန်လူမျိုးများအတွင်း၌လည်း တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ရန် အထူးလိုအပ် နေသည်။ အထူးသဖြင့် နိုင်ငံရေးအမြင်များ ကွဲလွဲနေနိုင်သည့် လူငယ်များနှင့် တွေ့ဆုံ ဆွေးနွေးမှုများ လုပ်ဆောင်ခြင်းမှ မွန်လူမျိုးတို့၏ နိုင်ငံရေးဩဇာတည်ဆောက်ရေး တွင် အကြံဉာဏ်အသစ်များ စုဆောင်းပြီး စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက် သွားကြရမည်။

## သုတေသနမိတ်ဆက်

မြန်မာနိုင်ငံတွင် နောက်ဆုံးကောက်ယူခဲ့သည့် သန်း ခေါင်စာရင်းတွင် လူငယ်များ၏လူဦးရေသည် ၃၀ ရာ ခိုင် နှုန်းနှင့်အထက် ရှိသည်ဟု ဖော်ပြထားပါသည်။[၁] လူငယ် များသည် လူဦးရေအရ အင်အားများသည့် လူအုပ်စု ဖြစ်သည့်အပြင် မြန်မာ့နိုင်ငံရေးအချိုးအကွေ့၏ သမိုင်း အဆက်ဆက်တွင် လူငယ်များသည် အရေးကြီးသည့်

အခန်းကဏ္ဍအတွင်း ပါဝင်လာခဲ့ကြသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးနောက် လူထုများနှင့်အတူ အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုများကို ဦးဆောင်လာခဲ့ကြသည့်အပြင် ယခုချိန်ထိ အာဏာရှင်တော်လှန်ရေးကို နည်းလမ်းမျိုးစုံဖြင့် ဆက်လက်တိုက်ပွဲဝင်နေကြဆဲဖြစ်သည်။ လူငယ်များသည် နိုင်ငံရေးအချိုးအကွေ့တစ်ခုတွင် ဆန်းသစ်သည့် အတွေး အခေါ်၊ အမြင်ရှိကြပြီး အမြော်အမြင်ရှိရှိ ဦးဆောင်နိုင်ရန် လိုအပ်သည့် အရည်အချင်းနှင့် အချိတ်အဆက်များ ရှိသည်ကို ခြွင်းချက်မရှိ လက်ခံကြရမည်ဖြစ်သည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုကို လက်မခံဘဲ ဆန့်ကျင်ဆန္ဒထုတ်ဖော်သည့် ရန်ကုန်အပါအဝင် မွန်ပြည်နယ်အတွင်းရှိ လှုပ်ရှားမှုများကို ရှေ့ထွက်ဦး ဆောင်ခဲ့သည့်အပြင် ဝိုင်းဝန်းအားဖြည့် လှုပ်ရှားခဲ့ကြသည့် လူငယ်များတွင် တက်ကြွလှုပ်ရှားသူ မွန်လူငယ်များလည်း ပါဝင်ကြသည်။။[၂]

မွန်လူငယ်များသည် အရေးကြီးသည့် မွန်နိုင်ငံရေးဖြစ်စဉ်များအနက် အဓိကကျသည့် အခန်းကဏ္ဍများတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်လာခဲ့ကြသည်။ ၁၉၄၈ ခုနှစ်၊ ဩဂုတ် ၁၉ ရက် (မြန်မာသက္ကရာဇ် ၁၃၁၀ ခုနှစ် ဝါခေါင်လပြည့်နေ့) တွင် မွန်မျိုးချစ်လူငယ် ၂၇ ဦးဖြင့် ဦးဆောင်ဖွဲ့စည်းခဲ့သည့် "ခေတ်သစ်မွန်လက်နက်ကိုင်တပ်"သည်ကရင်ပြည်နယ် ဇာသပြင်ရွာ ရဲတပ်ဖွဲ့ကို ဝင်ရောက်စီးနင်းသိမ်းပိုက်ပြီး မွန်အမျိုးသားတော်လှန်ရေးကြီးကို စတင်ခဲ့ကြသည်။ နိုင်ရွှေကျင်၊ နိုင်ပန်းသာ၊ နိုင်ထင် အပါအဝင် မွန်မျိုးချစ်လူငယ် ၂၇ ဦးတို့သည် မွန်တော်လှန်ရေးကို အမြော်အမြင်ကြီးစွာ ဦးဆောင်ခဲ့ကြသည်။[၃] မျက်မှောက်ကာလတွင် နိုင်ငံရေးလှုပ်ရှားမှုအပြင် အခြားလူမှုရေး၊ မွန်ယဉ်ကျေးမှု၊ စာပေသင်ကြားမှု၊ မွန်အရပ်ဘက်လူ့အဖွဲ့အစည်းများ စသည့် ကဏ္ဍအသီးအသီး၌ လှုပ်ရှားဆောင်ရွက် လျက်ရှိသည်။ ၂၀၂၀ ရွေးကောက်ပွဲတွင်လည်း "မွန်ညီညွတ်ရေးပါတီ" မဲအောင်နိုင်ရေး (မဲဆွယ်စည်းရုံးရေး) လုပ်ငန်းစဉ်များတွင်လည်း မြေပြင်ဝန်းရံမှုများကို အများစုက လူငယ်များမှ ဦးဆောင်ပါဝင်ခဲ့ကြသည်။ ၂၀၂၁ ခုနှစ် စစ်အာဏာ သိမ်းပြီးနောက်ပိုင်းတွင် မွန်လူငယ်များအနေဖြင့် အခြား တိုင်းရင်းသားလူမျိုး စုလူငယ်များနှင့်အတူ ရန်ကုန်မြို့တွင် လမ်းပေါ်ထွက်ပြီး ဖက်ဒရယ်ပြည် ထောင်စုပေါ်ပေါက်ရေးအတွက် အေးချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။[၄] မွန်ပြည်နယ်တွင်လည်း (အထူး သဖြင့် မော်လမြိုင်မြို့တွင်) မွန်၊ ကရင်၊ ပအိုဝ်း တိုင်းရင်းသားများ ပူးပေါင်းပြီး လမ်းလျှောက်သပိတ်ကြီး ဆင်နွှဲခဲ့ရာတွင် မွန်လူငယ်များလည်း ဦးဆောင်ပါဝင်ခဲ့ကြသည်။[၅] ထို့အပြင် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေးအတွက် NUCC နဲ့အတူ တိုက်ပွဲဝင်နေသည့် မွန်ပြည်နယ်အခြေပြု နိုင်ငံရေးကောင်စီဖြစ်သည့် "မွန်ပြည် ကြားကာလ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ" Mon State Interim Coordination Comittee (MSICC) တွင်လည်း တက်ကြွလှုပ်ရှားသည့် မွန်လူငယ်များ ပါဝင်နေသည်ကို တွေ့ရှိရသည်။[၆] လက်ရှိတွင်လည်း မွန်လူငယ်များသည် မွန်အမျိုးသားလွတ်မြောက်ရေး၊ အမျိုးသားကာကွယ်ရေး၊ မတရားမှုဖီဆန်ရေး၊ လူမျိုးကြီးဝါဒတိုက်ဖျက်ရေး၊ အာဏာရှင်တော်လှန်ရေး စသည့်ကိစ္စအရပ်ရပ်၌ နည်းလမ်းပေါင်းများစွာဖြင့် ဆက်လက်တိုက်ပွဲဝင်နေကြသည်။

လက်ရှိတွင်လည်း မွန်လူငယ်များသည် မွန်အမျိုးသားလွတ်မြောက်ရေး၊ အမျိုးသားကာကွယ်ရေး၊ မတရားမှုဖီဆန်ရေး၊ လူမျိုးကြီးဝါဒတိုက်ဖျက်ရေး၊ အာဏာရှင်တော်လှန်ရေး စသည့်ကိစ္စအရပ်ရပ်၌ နည်းလမ်းပေါင်းများစွာဖြင့် ဆက်လက်တိုက်ပွဲဝင်နေကြသည်။

မည်သို့ပင်ဖြစ်စေကာမူ မွန်လူငယ်များသည် ယေဘုယျအားဖြင့် အထောက်အကူပြု၊ အားဖြည့်ပံ့ပိုးသည့် အခန်းကဏ္ဍများတွင်သာ ပါဝင်ရလေ့ရှိပြီး အရေးပါသောဆုံးဖြတ်ချက်များ ချမှတ်ရာလုပ်ငန်းစဉ်များတွင် ယနေ့တိုင်အားကောင်းစွာ ပါဝင်ဆောင်ရွက်နိုင်စွမ်း မရှိသေးသည်ကို တွေ့ရှိရပါသည်။ ယင်း အားနည်းချက် သို့မဟုတ် လစ်ဟင်းမှုသည် အကြောင်းအမျိုးမျိုးကြောင့် ဤသို့ဖြစ်နေရကာ အကြောင်းရင်းများအနက် လူကြီးလူငယ်ကွာဟမှု (Generation Gap) ကြီးမားခြင်းအပါအဝင် လူငယ်များကိုယ်၌တွင် အရည်အချင်းနှင့်အတွေ့အကြုံ နည်းပါးခြင်းသည်လည်း ကြီးမားသည့်စိန်ခေါ်ချက်များဖြစ်သည်။

အနာဂတ်သည် လူငယ်များနှင့် ပို၍ဆက်နွယ်သက်ဆိုင်သည့်အလျောက် ယနေ့ချမှတ်လိုက်သော ဆုံးဖြတ်ချက်တိုင်းသည် လူငယ်များ ဆက်လက်ရှင်သန် သွားကြရမည့် အနာဂတ်၏ ကောင်းကျိုး၊ ဆိုးကျိုးဖြစ်စေမှုနှင့် တိုက်ရိုက်အချိုးကျသည့်အတွက် ထိုဆုံးဖြတ်ချက်များချမှတ်ရာတွင် လူငယ်များ၏ အတွေးအမြင်နှင့် လိုအပ်ချက်များကို ခြွင်းချက်မရှိ ထည့်သွင်းစဉ်းစားကြရမည်။ တည်ငြိမ်သည့် အနာဂတ်များကိုပုံဖော်ရန် ထိုအနာဂတ်၏ ပဲ့ကိုင်ရှင်ဖြစ်သော ယနေ့လူငယ်များက အဓိကကျသည်ဟု လူငယ်၊ ငြိမ်းချမ်းရေး နှင့် လုံခြုံ ရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်

အမှတ် ၂၂၅၀[၇] တွင် လေးနက်စွာအသိ ပေးထားပါသည်။ ကမ္ဘာပေါ်တွင် ဦးရေအများဆုံးသော လူအုပ်စုသည် လူငယ်များဖြစ်ပြီး ၉၀ ရာခိုင်နှုန်းနီးပါးသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်ကြသည်။[၈] ကမ္ဘာပေါ်ရှိ ပဋိပက္ခဖြစ်ပွားသည့် နိုင်ငံအများစုတွင် လူငယ်ဦးရေ ထူထပ်ကြပြီး လူငယ်များ၏ ဖွံ့ဖြိုးမှုအတွက် လိုအပ်သည့် ပညာရေး၊ စီးပွားရေးအခွင့် အလမ်းများ ဆုံးရှုံးနေကြပြီး ပဋိပက္ခများ၏ ဒဏ်ကို လူငယ်များက ပိုမိုခံစားကြရသည်။[၉]

လူငယ်များကို နိုင်ငံရေး အခင်း အကျင်းများတွင် အရေးကြီးသည့် အုပ်စုအဖြစ် ထည့်သွင်း စဉ်းစားပြီး လူငယ်များ ပါဝင်သည့် ဆွေးနွေးအဖြေရှာမှုသည်သာလျှင် ရေရှည်တည်တံ့မည့် အဖြေများရှာနိုင်မည်ဟု ကုလသမဂ္ဂ အဖွဲ့အစည်းများ အပါအဝင်နှင့် နိုင်ငံတကာအသိုင်းအဝိုင်းများက တိုက်တွန်းနှိုးဆော်လာခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအတွင်း ဆွေးနွေး၊ ဆုံးဖြတ်ချက်ချရာတွင် လူငယ်များ ပါဝင်နိုင်ရန်အတွက် လူငယ်၊ ငြိမ်းချမ်းရေး နှင့် လုံခြုံရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၂၂၅၀ ကို ချမှတ်ကြေညာခဲ့ပြီး လူငယ်များ အရေးကြီးသည့် နိုင်ငံရေးအခင်းအကျင်းများတွင် ပါဝင်နိုင်ရန် တွန်းအားပေးလာခဲ့ကြသည်။[၁၀] ထို့အပြင် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးပန်းတိုင် (Sustainable Development Goals) တွင်လည်း လူငယ်များပါဝင်ရမည်ဖြစ်ပြီး ထိုဖွံ့ဖြိုးရေးပန်းတိုင် ရောက်ရှိနိုင်ရန်အတွက်လည်း လူငယ်များ၏ ဦးဆောင်မှု၊ ပါဝင်မှုသည် မရှိမဖြစ်လိုအပ်ကြောင်းကိုလည်း အလေးပေး ဖော်ပြထားသည်။ နိုင်ငံတကာ နိုင်ငံရေးအခင်းအကျင်းများတွင် လူငယ်များကို ကဏ္ဍအသီးသီးတွင် အရေးကြီးသည့် အစုအဖွဲ့များအဖြစ် လက်ခံပြီး ဦးဆောင်မှုနေရာများတွင် နေရာပေးလာကြသည်။ မြန်မာ့နိုင်ငံရေးနှင့် မွန်အမျိုးသား နိုင်ငံရေးတွင်လည်း လူငယ်များ၏ အတွေ့အကြုံများ၊ အမြင်သဘောထားများနှင့် နိုင်ငံရေးစိတ်ဆန္ဒကို လေးစားကြရန်နှင့် လူငယ်များကို နိုင်ငံရေးအရ အရေးကြီးသည့် အစုအဖွဲ့အဖြစ် လက်ခံပြီး ပူးပေါင်း ဆောင်ရွက်ကြရန် အထူးလိုအပ်နေပြီဖြစ်သည်။

ဤမူဝါဒအကြံပြု သုတေသနစာတမ်းတွင် အရေးကြီးပြီး အဓိကကျသော လူအုပ်စုများဖြစ်သည့် မွန်လူငယ်များ၏ ဖက်ဒရယ်ဆိုင်ရာ အမြင်သဘောထားများကို စုစည်းတင်ပြထားပါသည်။ ပထမဦးစွာ သုတေသနမူဘောင်၊ အကန့်အသတ်များနှင့် သုတေသနနည်းနာများကို တင်ပြထားပြီး လေ့လာခြင်းမှ ရှာဖွေတွေ့ရှိချက်များကို အဓိက အပိုင်း (၆) ပိုင်းဖြင့် ပိုင်းခြားတင်ပြထားပါသည်။ အပိုင်း (၁) တွင် ဖက်ဒရယ်၊ ဖက်ဒရယ်အတွင်းရှိ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်စံနှုန်းများအား လူငယ်များ၏ ရှုထောင့်မှ ခြုံငုံတင်ပြထားသည်။ အပိုင်း (၂) တွင် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အဟန့်အတားနှင့် စိန်ခေါ်ချက်များကို တင်ပြထားသည်။ အပိုင်း (၃) တွင် မွန်လူငယ်များ သုံးသပ်တင်ပြသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် လတ်တလော ဦးစားပေးလုပ်ဆောင်ရမည့် ကိစ္စရပ်များကို စုစည်းတင်ပြထားပြီး အပိုင်း (၄) တွင် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးတွင် ပါဝင်ရမည့် အဓိကဇာတ်ကောင်များ ပါဝင်သည်။ အပိုင်း (၅) တွင် ဖက်ဒရယ်သို့ချီတက်ချိန် လက်တွေ့ကျသည့် မွန်အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အား ကိုယ်ထူကိုယ်ထအကောင်အထည်ဖော်ဆောင်ရမည့် အကြောင်းအရာများကို တင်ပြပြီး နောက်ဆုံး အပိုင်း (၆) တွင် သုတေသနအဖွဲ့၏ မှတ်ချက်နှင့် အကြံပြုချက်များကိုလည်း ထည့်သွင်း ဖော်ပြထားပါသည်။

# သုတေသနစာတမ်း၏ မူဘောင် နှင့် အကန့်အသတ်များ

တိုင်းရင်းသားလူမျိုးများလိုလားသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးသည် မြန်မာနိုင်ငံ၏ နှစ်ပေါင်းများစွာ ရှည်ကြာလာခဲ့သည့် နိုင်ငံရေးပဋိပက္ခနှင့် စစ်ရေးပဋိပက္ခများ ချုပ်ငြိမ်းရန်အတွက် အဓိကကျသည့် နိုင်ငံရေးလမ်းစဉ်ဖြစ်သည်။ သို့သော် ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ရွေးကောက်ပွဲသက်တမ်း ၂ ခုအတွင်း ၁၀ နှစ်ကျော် အုပ်ချုပ်လာကြသည့် ရွေးကောက်ခံအစိုးရ၏ လုပ်ဆောင်မှုများနှင့် ၂၁ ရာစု ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများကို ကြည့်

ခြင်းအားဖြင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို အစိုးရဆက်ဆက်က စိတ်ပါဝင်စားမှု၊ အကောင်အထည်ဖော်ရန် ကြိုးပမ်းမှုများ အားနည်းလာခဲ့သည်ကို ထင်ရှားစွာ တွေ့ရှိရပါသည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် ဖက်ဒရယ်အရေးကို ပိုမိုပြောဆိုဆွေး နွေးလာကြပြီး ဖက်ဒရယ်ပြည်ထောင် စုတည်ဆောက်ရေးကို ပိုမိုထောက်ခံလာကြသည်ဟု ယေဘုယျသုံး သပ်နိုင်သည်။

ဤမူဝါဒအကြံပြု သုတေသနစာတမ်းသည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် အမျိုးသားတန်းတူရေး ကိစ္စရပ်များအပေါ်တွင် မွန်လူငယ်များ၏အတွေးအမြင်များကို ပိုမိုနားလည်နိုင်ရန်နှင့် ဖက်ဒရယ်ဆိုင်ရာလုပ်ငန်းစဉ်များ၊ ဆွေးနွေးမှုများတွင် လူငယ်များပါဝင်လာနိုင်ရေးကို အထောက် အကူဖြစ်စေရန် အဓိကရည်ရွယ်ပါသည်။ ယခုစာတမ်းတွင် မွန်လူငယ်များ၏ ဖက်ဒရယ်အပေါ် အမြင်သဘောထားများ၊ စိုးရိမ်ပူပန်ချက်များ၊ မျှော်လင့်ချက်များနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍများကို လေ့လာသုံးသပ်ထားပါသည်။

ဖက်ဒရယ်ရေးရာအပေါ် လူငယ်များ၏ အမြင်သဘောထားများကို စုစည်းရာ၌ ယခုသုတေသနတွင် ပါဝင်သည့် လူငယ်များ၏ နားလည်၊ လက်ခံ၊ ယုံကြည်ထားသည့် ဖက်ဒရယ်စနစ်အပေါ်တွင်သာ အခြေခံပါသည်။ ထို့ကြောင့် ယခုသုတေသနတွင် ပါဝင်ကြသည့် လူငယ်များနားလည်ထားသည့် ဖက်ဒရယ်နှင့် စာဖတ်သူများ၏ နားလည်မှုများ မတူညီကွဲပြားနေနိုင်သည်ကိုလည်း ဤစာတမ်းက အသိအမှတ်ပြုပါသည်။ သုတေသန၏ နောက်ထပ် အကန့် အသတ် တစ်ခုအနေဖြင့် ယခုစာတမ်းအတွက် မွန်အမျိုးသားရေး လှုပ်ရှားမှုများတွင် ပါဝင်ပတ်သက်ခြင်း မရှိသော မွန်လူငယ်များ ကို အကြောင်း အမျိုးမျိုးကြောင့် မေးမြန်း နိုင်ခြင်းမရှိသည့်အတွက် ယခုစာတမ်းပါ အမြင်များသည် ထိုသူများ၏ အမြင်များကို မလွှမ်းခြုံနိုင်ပါ။ ထို့အပြင် ယခုစာတမ်းသည် ဖက်ဒရယ်အရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုင်ရာ ကိစ္စရပ်ကိုသာ လေ့လာထားသည့် သုတေသနဖြစ်သည့်အလျောက် အခြားနိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးပဋိပက္ခများ၊ အခြားအမျိုးသားရေး ကိစ္စရပ်များ အပါအဝင် စစ်အာဏာ သိမ်းမှုနှင့် စပ်လျဉ်းသည့် အသေးစိတ်သုံးသပ်ချက်များ ယခုစာတမ်းတွင် ခြုံငုံသုံးသပ်ထားခြင်းမရှိကြောင်း ဖော်ပြအပ်ပါသည်။

# သုတေသန နည်းနာ

ဤမူဝါဒအကြံပြု သုတေသနစာတမ်းသည် ရာမညဖက်ဒရယ်အင်အားစုသစ် (New Rehmonnya Federated Force) မှ ဖွဲ့စည်းထားသည့် သုတေသနအဖွဲ့၏ ဦးဆောင်မှုဖြင့် တက်ကြွလှုပ်ရှားသူ လူငယ်များ၏ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအပေါ် အမြင်သဘောထားများကို လေ့လာပြီး ပြုစုတင်ပြထားခြင်းဖြစ်သည်။ ဤသုတေသနကို အရည်အသွေးစံပြုနည်းနာ (Qualitative Method) ဖြစ်သော အဓိကသတင်းအချက်အလက်ပေးသူများနှင့် တွေ့ဆုံမေးမြန်းခြင်း (Key Informant Interview - KII) နှင့် အုပ်စုဖွဲ့ဆွေးနွေးခြင်း (Focused Group Discussion) စသည့် နည်းလမ်းများဖြင့် အချက်အလက်များကို ကောက်ယူစုစည်းခဲ့သည်။

အမြင်သဘောထားများကို လက်ရှိမွန်နိုင်ငံရေးအသိုက်အဝန်းတွင် တက်ကြွလှုပ်ရှားနေကြသည့် လူငယ်များ အပါအဝင် လူမှုအဖွဲ့အစည်းများမှလူငယ်များ၊ လူငယ်ရှေ့နေများ၊ ကျောင်းသားခေါင်းဆောင်များ၊ အာဏာရှင်စနစ်ကို တော်လှန်နေကြသည့် လူငယ်များနှင့် လူငယ်အဖွဲ့အစည်း အသီးသီး တို့တွင် တာဝန်ယူနေကြသည့် လူငယ်ခေါင်းဆောင်များကို အဓိကဦးတည်မေးမြန်းခဲ့သည်။ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် မွန်လူငယ်များဆုံရပ် (Mon Youth Forum) မှ ရေးဆွဲ၊ အတည်ပြု၊ ပြဋ္ဌာန်းခဲ့သည့် မွန်လူငယ်ရေးရာမူဝါဒကို ကိုးကားပြီး ယခုသုတေသနစာတမ်းတွင် မွန်လူငယ်များဟုဆိုရာတွင် အသက် ၁၆ နှစ်မှ ၃၅ နှစ်အကြား ရှိသည့် မွန်လူငယ်များကို ဆိုလိုခြင်းဖြစ်သည်။ [၁၁] ဤစာတမ်းအတွက် ဖော်ပြပါ အစုအဖွဲ့ နောက်ခံနှင့် အသက်အပိုင်းအခြားရှိ မွန်လူငယ် ၂၂ ဦးတို့အား ချဉ်းကပ်မေးမြန်းခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် လိုအပ်သောသတင်းအချက်အလက်များအတွက် သတင်းမီဒီယာများနှင့် ကိုးကားရမည့် စာအုပ်စာတမ်းများကိုလည်း လေ့

လာစုစည်းထားပြီး အလျဉ်းသင့်သလို ထည့်သွင်းဖော်ပြ ထားသည်။

# အပိုင်း ၁ — ဖက်ဒရယ်၊ ဖက်ဒရယ်အတွင်းရှိ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်စံနှုန်းများအား လူငယ်များ၏ ရှုထောင့်မှ ခြုံငုံတင်ပြခြင်း

## (က) မွန်လူငယ်များနားလည်သည့်ဖက်ဒရယ်ဆိုသည်မှာ

ဖက်ဒရယ်ဆိုသည်မှာ နိုင်ငံအတွင်းတွင် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) စုဖွဲ့ပြီး၊ ပြည်ထောင်စုနှင့် ပြည်နယ်များအကြားတွင် အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးအာဏာများအား ခွဲဝေကျင့်သုံးသည့်စနစ်ကို ဆိုလိုခြင်းဖြစ်သည်။ ဖက်ဒရယ်နိုင်ငံတွင် အစိုးရ (၂) ရပ် ရှိရပါမည်။ စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုတွင် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) သည် အာဏာသုံးရပ်ကို ဗဟိုချုပ်ကိုင်မှု အလွန်နည်းပါးသည့် အုပ်ချုပ်မှုပုံစံဖြင့် အာဏာခွဲဝေသုံးစွဲကြသည်။ ပြည်ထောင်စုကို ပေးအပ်သည့် အာဏာများ၊ ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) သို့ ပေးအပ်သည့် အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိကျစွာ ဖော်ပြထားကြရမည်ဖြစ်ပြီး ထပ်တူသုံးစွဲကြရမည့် အာဏာများအပြင် ကြွင်းကျန်အာဏာများအား မည်သို့သုံးစွဲမည်ကိုလည်း ပြည်ထောင်စုနှင့် ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများက သီးခြားသတ်မှတ် ပေးရမည်ဖြစ်သည်။

ပြည်နယ်များနှင့် ပြည်ထောင်စုအကြား အာဏာခွဲဝေသည့်အပေါ် မူတည်ပြီးလည်း ဖက်ဒရယ်ကို ထပ်မံ ခွဲခြမ်းစိတ်ဖြာနိုင်သည်။ အစိုးရ (၂) ရပ် ရှိသော်လည်း ပြည်နယ်များကို အပ်နှင်းထားသည့် အာဏာများ အလွန်အကန့်အသတ်ဖြစ်နေလျှင် (Devolution) အဆင့်ဖက်ဒရယ်၊ ပြည်နယ်များကို အပ်နှင်းထားသည့် အာဏာများမှာ အလွန်ပြည့်ဝနေပြီး ပြည်ထောင်စုကို အပ်နှင်းထားသည့် အာဏာ အလွန်နည်းပါးနေလျှင် (Confederate) စသဖြင့် ထပ်မံ၍ ပိုင်းခြားသတ်မှတ်နိုင်ပေသည်။

အထူးအလေးထား ရမည်မှာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင်လည်း ဒီမိုကရေစီစနစ်ကို အခြေခံ ကျင့်သုံးသွားနိုင်ရန်ဆိုသည့် ကိစ္စရပ်သည် အလွန်အရေးကြီးပါသည်။ ဒီမိုကရေစီကို အခြေခံသည့် ဖက်ဒရယ် ပြည်ထောင်စုသည်သာလျှင် နိုင်ငံသားများ၏ လွတ်လပ်ခွင့်ကို ပိုမိုအာမခံပေးနိုင်သည်ဟု မွန်လူငယ်များက နားလည်လက်ခံထားကြပါသည်။

**အပိုင်း(၁) (က) မွန်လူငယ်များနားလည်သည့် ဖက်ဒရယ်ဆိုသည်မှာ မှကောက်နုတ်ချက်**

- ပြည်ထောင်စု နှင့် ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) အကြား အာဏာခွဲဝေခြင်း
- အစိုးရ (၂) ရပ်ရှိခြင်း
- ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) တွင် သီးခြားဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲကျင့်သုံးခြင်း
- ဒီမိုကရေစီစနစ်ကို အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်သွားရန် လိုအပ်ခြင်း

## (ခ) ဖက်ဒရယ်အတွင်းရှိ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် *(Self-Determination within Federal)*

မြန်မာနိုင်ငံ[၁၂] ဖက်ဒရယ်စနစ်ကို ကျင့်သုံးရန် ကြိုးပမ်းရာတွင် အောင်မြင်နိုင်စွမ်းရှိခြင်း၊ မရှိခြင်းသည် ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ)

နှင့် လူမျိုးများအား ပေးအပ်မည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အတိုင်းအတာများက အဆုံးအဖြတ်ပေးသွားမည်။ မွန်လူငယ်များက 'ဖက်ဒရယ်' စနစ်ကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသည့် ပြည်ထောင်စုစနစ်အဖြစ် ရှုမြင်ပြီး 'ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်' ဆိုသည်ကိုလည်း ဖက်ဒရယ်စနစ်အတွင်းက မရှိမဖြစ် အဓိကကျသည့် အစိတ်အပိုင်းတစ်ခုအဖြစ် လက်ခံထားကြသည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (self-determination) ဟု ဆိုရာတွင် ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် လူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပါအဝင် ဖက်ဒရယ်ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များက ၎င်းတို့၏ပြည်နယ်များအတွက် သီးခြားလွတ်လပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေများကို မည်သည့် အာဏာလွှမ်းမိုးမှုမရှိဘဲ ရေးဆွဲပြဋ္ဌာန်းကာ၊ ကိုယ်ပိုင်အစိုးရဖွဲ့ပြီး စီမံအုပ်ချုပ်ခြင်းဖြစ်သည်။ ဥပဒေ ရေးဆွဲပြဋ္ဌာန်းပေးရမည့် လွှတ်တော်ဖွဲ့စည်းပုံကို သက်ဆိုင်ရာပြည်နယ်များက ၎င်းတို့စိတ်ကြိုက် ပုံဖော်နိုင်ပြီး၊ လွှတ်တော်ကိုယ်စားလှယ်များသည်လည်း ၎င်းတို့ ပြည်နယ်အတွင်းတွင် နေထိုင်ကြသည့် ပြည်သူများဖြစ်ကြသည်။

လက်ရှိ နိုင်ငံရေးအခြေအနေတွင် ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် (self-determination) ကို အခြေပြုစဉ်းစားသည့် ဖက်ဒရယ်ကိုသာ ပုံဖော်ကြရပါမည်။ ဗဟိုချုပ်ကိုင်မှုကို လျှော့ချသည့် အာဏာခွဲဝေခြင်း (decentralization) ဖြင့် စဉ်းစားချဉ်းကပ်ခြင်းသည် အဓိပ္ပာယ် ပြည့်ဝသည့် ဖက်ဒရယ်စနစ်ကို ပုံဖော်နိုင်မည် မဟုတ်ပေ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination) သည် ဒေသဖွံ့ဖြိုးရေး၊ အားလုံးပူးပေါင်းပါဝင်နိုင်ရေး၊ အမျိုးသားတန်းတူညီမျှရေး နှင့် ရေရှည်တည်တံ့ရေးအပြင်၊ နိုင်ငံရေး ပဋိပက္ခများ လျော့ကျစေရန်လည်း အထောက်အကူဖြစ်မည်ဟု မွန်လူငယ်များက ယုံကြည်ကြသည်။

**အပိုင်း(၁) (ခ) ဖက်ဒရယ်အတွင်းရှိ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် မှကောက်နုတ်ချက်**

- ပြည်နယ်များ (ဖက်ဒရယ်ယူနစ်များ) ၌ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်းတီးခွင့် အပြည့်အဝရရှိခြင်း
- ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ခြင်း
- ဥပဒေပြုရေး၊ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေး ကိစ္စရပ်ကိုများ ပြည်နယ်များက လွတ်လပ်စွာ စီမံအုပ်ချုပ်နိုင်ခြင်း
- တန်းတူညီရေး၊ အားလုံးပါဝင်ရေး နှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးကို အထောက်အကူပြုခြင်း

## (ဂ) မွန်လူငယ်များပုံဖော်သည့် ဖက်ဒရယ် နှင့် အရေးကြီးသည့်အခြေခံမှုများ

စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဖက်ဒရယ်အရေးကို လူထုများကြားအပါအဝင် နိုင်ငံရေးအစုအဖွဲ့အသီးသီးကြားက ပိုမိုတွင်ကျယ်စွာ ပြောဆို၊ ဆွေးနွေးလာကြပြီး ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဟုဆိုကာ အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်မှုများ ရှိလာသည်ကို တွေ့ရသည်။ အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) မှ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၁)[၃၃] သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် လုပ်ငန်းလမ်းစဉ်များ၊ ဖက်ဒရယ်မူများပါဝင်သည့် ကြေညာစာတမ်းတစ်ခုဖြစ်သည်။ သို့သော် လက်ရှိအနေအထားအထိ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အပါအဝင် NUCC တို့၏ လုပ်ငန်းဆောင်တာများသည် လက်တွေ့ မြေပြင်တွင် ထိရောက်စွာ မလုပ်ဆောင်နိုင်သေးသည်ကို တွေ့ရသည်။

**ကောက်နုတ်ချက်** - အင်တာဗျူးတွင်ဖြေဆိုခဲ့သည့် မွန်လူငယ်တစ်ဦး၏ အမြင်သဘောထား

"လက်ရှိအခြေအနေမှာ NUCC က ပြည်သူ့ညီလာခံကျင်းပပြီး ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဏ်ကိုအတည်ပြုပြီး အမျိုးသားညီညွတ်ရေး အစိုးရ ( NUG) ကို ဖွဲ့စည်းဆောင်ရွက်နေသော်ငြားလည်းပဲ မူဝါဒအရ ကြိုးကြပ်လမ်းညွှန်မှုပြုရမည့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) မှာ ပြန်ပါနေတယ်။ ကြားကာလမှာ ပိုမိုထိရောက်စွာ ထိန်းကြောင်း

အကောင်အထည်ဖော်ဖို့အတွက် ကြားကာလဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်လည်း မရှိမဖြစ်လိုအပ်နေပါတယ်"

**ကောက်နုတ်ချက် - အင်တာဗျူးတွင်ဖြေဆိုခဲ့သည့် မွန်လူငယ်တစ်ဦး၏ အမြင်သဘောထား**

"NUCC ထဲကနေ နုတ်ထွက်သွားကြတဲ့ အင်အားကြီးတဲ့အဖွဲ့တွေရှိလာတယ်။ နောက်ထပ်အင်အားကြီးမားတဲ့ EAO တွေ ထပ်မဝင်လာဘူး။ NLD လည်း မိတ်ဖက်အဖြစ်ပဲ ကျန်နေတော့မယ်။ ဒါကိုကြည့်လိုက်ရင် NUCC ဖွဲ့စည်းမှုမခိုင်မာသေးဘူးဆိုတာ ထင်ရှားပါတယ်"

တဖက်တွင် အာဏာသိမ်းစစ်ကောင်စီ (SAC) သည်လည်း ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို မူအားဖြင့် သဘောတူကြောင်း အတိအလင်း ချပြကာ တိုင်းရင်းသားလက် နက်ကိုင် (တိုင်းရင်းသား တော်လှန်ရေး) အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေးကိစ္စရပ်များ အပါအဝင် အချို့အဖွဲ့များနှင့် ဖက်ဒရယ်မူများကိုပါ ဆွေးနွေးနေကြသည်ကို တွေ့ရသည်။ ယခုအချိန်တွင် (ဤစာတမ်းပြုစုရေးသားနေချိန်တွင်) ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို အစုအဖွဲ့အသီးသီးက ဆွေးနွေးနေကြသော်လည်း ၎င်းတို့ဆွေးနွေးနေကြသည့် ဖက်ဒရယ်သည် စကားလုံးမျှသာတူညီပြီး အနှစ်သာရချင်း ထပ်တူမကျဟု မွန်လူငယ်များက သုံးသပ်သည်။ အာဏာသိမ်း စစ်ကောင်စီသည် ဖက်ဒရယ်ကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဘောင်အောက်တွင်သာ စဉ်းစားနေသည့် နည်းတူ NUCC ၏ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တွင်လည်း ဖက်ဒရယ်ယူနစ်များ၏ ဖွဲ့စည်းတည်ဆောက်ပုံအပါအဝင် တိုင်းရင်းသားလူမျိုးစုများ ဆွေးနွေးနေသည့် ဗမာပြည်နယ် ကိစ္စရပ်ကို ထည့်သွင်းရေးသားထားခြင်းမရှိပါ။

ဖက်ဒရယ်မူများဟု ဆိုရာတွင် FCDCC မှ ထုတ်ပြန်ခဲ့သည့် ဖက်ဒရယ်ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း)[၁၄] နှင့် UNFC သုတေသနနှင့် ဥပဒေရေးရာဌာနမှ မူကြမ်းကို မွမ်းမံဖြည့်စွက် တင်ပြထားသော အချက်များ[၁၅] သည် သင့်တော်သည့် ဖက်ဒရယ်မူများအဖြစ် မွန်လူငယ်များက ထင်မြင်ယူဆကြသည်။ ထို့အပြင် NUCC မှ ထုတ်ပြန်ထားသော ဖက်ဒရယ်ပဋိညာဉ်ရှိ အချို့မူများကိုလည်း ထည့်သွင်းဆွေးနွေးပြီး အတည်ပြုသတ်မှတ်နိုင်မည် ဆိုပါက ပိုမိုပြီးပြည့်စုံသည့် ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံမူကြမ်းတစ်ခု ဖြစ်လာမည်ဟု ယုံကြည်ကြသည်။

**ကောက်နုတ်ချက် - အင်တာဗျူးတွင်ဖြေဆိုခဲ့သည့် မွန်လူငယ်တစ်ဦး၏ အမြင်သဘောထား**

"FCDCC ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းမှာ ၁၀ ပြည်နယ်နှင့် နောက်ထပ်လိုအပ်တဲ့ ပြည်နယ်တွေ ထပ်ထည့်လို့ရတဲ့ အခြေခံမူတွေထည့်သွင်းရေးသားထားပြီး ဗမာအမျိုးသားပြည်နယ်ဖွဲ့စည်းဖို့လည်း အကြံပြုထားတယ်။ FCDCC က တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းတွေ နှစ်ပေါင်းများစွာ အချိန်ယူပြီးဆွေးနွေးခဲ့ကြတယ်။ အဲကြောင့် FCDCC အပေါ်မှာ အခြေခံပြီး လိုအပ်တာထပ်ထည့်လိုက်မယ်ဆို ပိုကောင်းတဲ့ ဖက်ဒရယ်ဖွဲ့စည်းပုံ ဖြစ်လာမယ်လို့ယူဆပါတယ်"

ထိုသို့ပြန်လည်ပေါင်းစပ် ဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ (EAOs/EROs) များ ဆွေးနွေးလက်ခံသဘောတူထားသည့် ဖက်ဒရယ်အခြေခံမူများ[၁၆] ကိုလည်း အခြေခံစဉ်းစားရမည်ဟု မွန်လူငယ်များက အလေးထားထောက်ပြကြသည်။

လူငယ်များသည် တိုင်းရင်းသား လူမျိုးများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ပြည်နယ်များ၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကို အခြေခံသည့် ဖက်ဒရယ်ကိုသာ ယုံကြည်ထောက်ခံပြီး ဗဟိုချုပ်ကိုင်မှုမရှိ သို့မဟုတ် အလွန်နည်းပါးပြီး ပြည်နယ်တွင် လုပ်ပိုင်ခွင့်မြင့်မားသည့် ဖက်ဒရယ်ကို အလိုရှိကြပါသည်။ လက်ရှိတွင် ဖက်ဒရယ်နိုင်ငံတည်ဆောက်ရန် ဆွေးနွေးကြရာတွင် အဓိကအရေးတကြီးဆွေးနွေးရမည့်ကိစ္စရပ်များနှင့် အချို့အရေးကြီးသည့် ဖက်ဒရယ်မူများအား မွန်လူငယ်များက အောက်ပါဇယား (၁) အတိုင်း ထောက်ပြကြသည်။ ပြည်နယ်ဖွဲ့စည်းပုံရေးဆွဲရာတွင် လက်ရှိတတိယမူကြမ်းအထိ ရေးဆွဲထားရှိပြီး ဖြစ်သည့် "ရာမညမွန်ပြည် (နယ်) ဖွဲ့စည်းပုံအခြေခံဥပဒေ

(မူကြမ်း)"[၃၇] ကိုသာ အခြေခံစဉ်းစားပြီး ထိုမူကြမ်း အပေါ်တွင် ထပ်မံဖြည့်စွက်၊ ပြင်ဆင်မွမ်းမံသွားရန် မွန်လူငယ်များက ဆန္ဒရှိကြသည်။ ဆက်လက်၍ ပြည်နယ်ဖွဲ့စည်းပုံဆိုင်ရာ အရေးကြီးသည့် ကိစ္စရပ်များကို ဇယား (၁) ကဏ္ဍ (၃) တွင် ထောက်ပြဆွေးနွေးထားပါသည်။

**အပိုင်း(၁) (ဂ) မွန်လူငယ်များပုံဖော်သည့် ဖက်ဒရယ် နှင့် အရေးကြီးသည့်အခြေခံမူများ မှကောက်နုတ်ချက်**

- နိုင်ငံရေးအင်အားစုများ၊ ပြည်သူများ၊ တိုင်းရင်းသားလူမျိုးများ နှင့် စစ်တပ်တို့က မတူညီသည့် အမိဟ္ပာယ်ဖွင့်ဆိုချက်နှင့် အခြေခံမူများဖြင့် ဖက်ဒရယ်ကို ကိုယ်စီချဉ်းကပ်နေကြခြင်း
- စစ်ကောင်စီ (စစ်တပ်) သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဘောင်အတွင်းက ဖက်ဒရယ်ကိုသာ လက်ခံခြင်း
- FCDCC ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ EAOs များ သဘောတူချမှတ်ထားသည့် ဖက်ဒရယ်အခြေခံမူများကို အခြေခံပြီး NUCC မှ ထုတ်ပြန်သည့် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်တို့နှင့် ပေါင်းစပ်ပြီး ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲသွားရန် လိုလားခြင်း
- မွန်ပြည်နယ် ဖက်ဒရယ်ဖွဲ့စည်းပုံကို ရာမညမွန်ပြည် (နယ်) ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) အပေါ်အခြေခံပြီး အားလုံးပူးပေါင်းပါဝင်မှုဖြင့် ပြင်ဆင်ရေးဆွဲသွားရန် လိုလားခြင်း

## ဇယား(၁) ဖက်ဒရယ်မူများနှင့် ပြည်နယ်ဖွဲ့စည်းပုံရေးဆွဲရေးတွင် ထည့်သွင်းစဥ်းစားရမည့်ကိစ္စရပ်များနှင့် လိုအပ်သည့် အခြေခံမူများ

| ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့် အဓိကအခန်းကဏ္ဍများ | ဆွေးနွေးတင်ပြချက်များ |
|---|---|
| ဇယား (၁)၊ ကဏ္ဍ (၁)၊<br><br>အရေးတကြီး ဆွေးနွေး သတ်မှတ်ရမည့် အကြောင်းအရာများ | ၁. အမျိုးသားတန်းတူညီရေးကို အခြေခံသည့် ဗမာပြည်နယ် (ဗမာ အမျိုးသားများပြည်နယ်) ဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စရပ်များ<br>၂. တိုင်းရင်းသားအားလုံး လက်ခံနိုင်သည့် ပြည်ထောင်စု အမည်နာမ သတ်မှတ်ခြင်း<br>၃. ဖက်ဒရယ်တပ်မတော် ဖွဲ့စည်းခြင်း အပါအဝင် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ<br>၄. ပြည်ထောင်စုနှင့်ပြည်နယ်များအကြား အာဏာခွဲဝေကျင့်သုံးရေး ဆိုင်ရာကိစ္စရပ်များ |
| ဇယား(၁)၊ ကဏ္ဍ (၂)၊<br><br>မဖြစ်မနေ ထည့်သွင်း စဉ်းစားရန် အရေးကြီး သည့် ဖက်ဒရယ်မူများ | ၁. ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံခြင်း (တိုင်းရင်းသား လူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပါအဝင် ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် များလည်း အကျုံးဝင်သည်။)<br>၂. နယ်နိမိတ်သတ်မှတ်ရေးမူဝါဒ (ဖက်ဒရယ်ယူနစ် သတ်မှတ်ရေး)<br>၃. မိခင်ဘာသာစကားအခြေပြု ဘာသာစုံပညာရေးစနစ်<br>၄. ဘာသာရေးကို အခြေမခံသည့် နိုင်ငံရေးစနစ်<br>၅. လူနည်းစု အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များ |
| ဇယား(၁)၊ ကဏ္ဍ (၃)၊<br><br>ပြည်နယ်ဖွဲ့စည်းပုံတွင် ထည့်သွင်းရန် လိုအပ် သည့် အဓိက အခြေခံမူ များနှင့် အကြောင်းအရာ များ | ၁. စီးပွားရေးလုပ်ပိုင်ခွင့်၊ ပြည်ပနှင့် ချိတ်ဆက်ကုန်သွယ်ပိုင်ခွင့်ဆိုင်ရာ များကို ပြည်နယ်အဆင့်တွင် မျှဝေသုံးစွဲသွားနိုင်သည့် ပြည်နယ်များ၏ နိုင်ငံခြားရေးဆိုင်ရာ အခြေခံမူထားရှိရန်<br>၂. လူဝင်မှုကြီးကြပ်ရေး အပါအဝင်၊ ရွှေ့ပြောင်း လုပ်သားများဆိုင်ရာ စီမံ ပိုင်ခွင့်<br>၃. ရုံးသုံးဘာသာစကားဆိုင်ရာအခြေခံအခြေခံမူ<br>၄. လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်သည့် အခြေခံမူ<br>၅. ဘာသာရေးကို အခြေမခံသည့် နိုင်ငံရေးစနစ်<br>၆. လူ့အခွင့်အရေးနှင့် လူသားဖြစ်တည်မှုကို ကာကွယ်ပေးသည့် ဥပဒေ များ၊ မူဝါဒများ<br>၇. လူဦးရေနည်းသည့် လူမျိုးစုများအပေါ် ဘာသာရေးအရဖြစ်စေ၊ လူဦးရေအရဖြစ်စေ၊ လူမျိုးစုအရဖြစ်စေ အကာအကွယ်ပေးရေး ဥပဒေ၊ မူဝါဒများ<br>၈. သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာအခြေခံမူများ<br>၉. ပြည်နယ်အတွင်းရှိ အခွန်အကောက်ဆိုင်ရာကိစ္စရပ်များ<br>၁၀. ပြည်နယ်သားဖြစ်မှုဆိုင်ရာ သတ်မှတ်သည့် ကိစ္စရပ်များ<br>၁၁. အားလုံးပါဝင်သည့် ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲရေး လုပ်ငန်းစဉ်ဖြစ်ရန် အလွန်အရေးကြီးသည်။ အထူးသဖြင့် ပြည်နယ်အတွင်း နေထိုင်ကြ သည့် တိုင်းရင်းသားလူမျိုးများ၊ လူနည်းစုများနှင့် အကြေအလည် ဆွေးနွေးပြီး သဘောတူညီမှုရယူရန် အလေးပေးတိုက်တွန်းသည်။ |

# အပိုင်း ၂ — ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး အဟန့်အတားနှင့် စိန်ခေါ်မှုများ

မြန်မာနိုင်ငံသည် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မှသာလျှင် နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်မည်ဟု ယုံကြည်လက်ခံကြသည်။ သို့သော် လက်ရှိအနေအထားတွင် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် ကြီးမားသည့် စိန်ခေါ်မှုများ ရှိနေသည်ကိုလည်း အသိအမှတ်ပြု၊ လက်ခံ၊ ဆွေးနွေးအဖြေရှာကြရမည်ဖြစ်သည်။ ထိုစိန်ခေါ်မှုများကို သတိကြီးစွာ ဆွေးနွေးအဖြေရှာရမည့်အပြင် ပါဝင်ရမည့် အဓိကအစုအဖွဲ့များ ပါဝင်ဆွေးနွေးရန်မှာ ပိုမိုအဓိကကျသည်။ အဆိုပါစိန်ခေါ်မှုများကို ဤသုတေသနစာတမ်းဖြေဆိုသူ မွန်လူငယ်များက အောက်ပါအတိုင်း ရှုမြင်ကြသည်။

## (က) အဓိပ္ပာယ်ပြည့်ဝသည့် ဖက်ဒရယ် ဖွဲ့စည်းရေးကို လက်မခံသည့် စစ်တပ်

**ကောက်နှုတ်ချက်** - *အင်တာဗျူးတွင်ဖြေဆိုခဲ့သည့် မွန်လူငယ်တစ်ဦး၏ အမြင်သဘောထား*

> "စစ်တပ်က ဘယ်လောက်ပဲ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ပါ့မယ် လို့ ထုတ်ပြော ထုတ်ပြော၊ ၂၀၀၈ ခြေဥကို လက်လွှတ်ဖို့ မရှိသလို ပကတိမြေပြင် အခြေအနေတွေမှာလည်း ဖက်ဒရယ်ပြည်ထောင်စုထူထောင်ဖို့ ဆောင်ရွက်နေတာမျိုး မရှိတာက ပေါ်လွင်ပြီးသား"

တပ်မတော် (စစ်တပ်) သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်စွဲကိုင်ထားသည်။ ခေတ်အဆက်ဆက်ကို ပြန်ကြည့်လျှင် စစ်တပ်ဦးဆောင်မှုနေရာများတွင် (နေဝင်း၊ ခင်ညွန့်၊ သန်းရွှေ၊ မင်းအောင်လှိုင်) ခေါင်းဆောင်များသာ ပြောင်းလဲသွားသော်လည်း ဖက်ဒရယ်ကို စဉ်းစားသည့်ပုံစံ မပြောင်းလဲသွားပါ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ဖက်ဒရယ်အရေးဆွေးနွေးရန် မဖြစ်နိုင်ပါ။

**ကောက်နှုတ်ချက်** - *အင်တာဗျူးတွင်ဖြေဆိုခဲ့သည့် မွန်လူငယ်တစ်ဦး၏ အမြင်သဘောထား*

> "စစ်တပ်က ဖက်ဒရယ်ကို ဘယ်လိုနည်းနဲ့မှ လက်ခံမှာမဟုတ်ဘူး၊ သူတို့သုံးနှုန်းပြောဆိုနေတဲ့ ဖက်ဒရယ်က အာဏာရှင် (Russia Federation) လိုဖက်ဒရယ်ဖြစ်တယ်၊ ကျွန်တော်တို့ လိုချင်တဲ့ ဖက်ဒရယ်မဟုတ်ဘူး။ ဒါကြောင့် စစ်တပ်ရဲ့ ဖက်ဒရယ်အကြောင်း ဆွေးနွေးလို့မရဘူး၊ ဆွေးနွေးစရာလည်း မလိုဘူး"

စစ်တပ်သည် တိုင်းရင်းသားလူမျိုးများ လိုလားတောင့်တသည့် အနှစ်သာရများ ပြည့်ဝသည့် ဖက်ဒရယ်အား လုံးဝလက်ခံမည်မဟုတ်ဟု မွန်လူငယ်များက သုံးသပ်သည်။ ထို့ကြောင့် စစ်တပ် (ယခုစစ်ကောင်စီ) ဦးဆောင်မည့် မည်သည့်ဖက်ဒရယ်အရေး ဆွေးနွေးမှုမျိုးမဆို အဓိပ္ပါယ်ရှိသည့် ဖက်ဒရယ်ဖြစ်ပေါ်လာရေးအတွက် အထောက်အကူ လုံးဝမဖြစ်နိုင်ကြောင်း မွန်လူငယ်များက ယုံကြည်ကြသည်။

## (ခ) ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရန် လိုအပ်သည့် နိုင်ငံရေးစိတ်ဆန္ဒ

နှစ်ပေါင်းများစွာ တိုက်ပွဲဝင်တော်လှန်လာခဲ့ကြသော တိုင်းရင်းသားလူမျိုးများသည် မြန်မာနိုင်ငံဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို အစဉ်တစိုက် ကြိုးပမ်း အားထုတ်လာခဲ့သည်။ သို့သော် ဖက်ဒရယ်အရေးကို လူနည်းစုဖြစ်သော တိုင်းရင်းသားလူမျိုးစုများကသာ တွန်းအားပေးဆွေးနွေးလာခဲ့ကြသော်လည်း အင်အားကြီးနိုင်ငံရေးပါတီဖြစ်သည့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (NLD)၊ လူဦးရေများသည့် ဗမာလူမျိုးစုများအပါအဝင် စစ်တပ်ကပါ စိတ်ဝင်စားမှုအလွန်နည်းပါးကြသည်။ ခေတ်အဆက်ဆက်

အာဏာဆွဲကိုင်ထားသူများသည် ဖက်ဒရယ်ကို "ခွဲထွက်ရေး" နှင့် ဆက်စပ်စဉ်းစားလာလေ့ရှိကြပြီး ဖက်ဒရယ်တည်ဆောက်ရန် ပြတ်သားသည့် နိုင်ငံရေးစိတ်ဆန္ဒ (Political Will) မရှိခဲ့ဟု မွန်လူငယ်များက သုံးသပ်ကြသည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် NLD နှင့် NLD ပါတီ/အစိုးရကို ထောက်ခံသည့် လူထုလှုပ်ရှားမှုများသည် "စု၊ ရွှေး၊ လွှတ်"[၁၈] ဆိုသည့် ဆောင်ပုဒ်ဖြင့် ကြွေးကြော်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။[၁၉] သို့သော်လည်း တိုင်းရင်းသားများနှင့် ဖက်ဒရယ်ပြည်ထောင်စုကို လိုလားသည့် အစုအဖွဲ့များ၏ လှုံ့ဆော်မှုကြောင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးသည် တော်လှန်ရေး၏ပန်းတိုင် ဖြစ်လာခဲ့သည်ဟု ယူဆကြသည်။ သို့ရာတွင် ဖက်ဒရယ်သဘောဆန်သည့် စီမံအုပ်ချုပ်မှုများ လက်တွေ့တွင် မမြင်တွေ့ရသဖြင့် အာဏာရှင်တော်လှန်သည့် ဗမာလူမျိုးစုများ၊ NLD ကိုထောက်ခံသည့် အစုအဖွဲ့များနှင့် NUG တို့၏ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်လိုသည့် နိုင်ငံရေးစိတ်ဆန္ဒကို မွန်လူငယ်များက ယုံကြည်ရန် အလွန်ခက်ခဲနေကြသည်။

**ကောက်နုတ်ချက်** - အင်တာဗျူးတွင်ဖြေဆိုခဲ့သည့် မွန်လူငယ်တစ်ဦး၏ အမြင်သဘောထား

> "ဒီအချိန်မှာ ဗမာတိုင်းရင်းသား၊ ဗမာခေါင်းဆောင်တချို့က အခြားတိုင်းရင်းသားတွေ သူတို့ဘက် (တော်လှန်ရေးဘက်) ရပ်တည်ပေးဖို့၊ ထောက်ခံပေးဖို့ ဖက်ဒရယ်ကို အနှစ်သာရမပါဘဲ စကားလုံးအဖြစ်သာ သုံးနှုန်းနေကြတယ်။ အရပ်သားစကားနဲ့ ပြောရရင် ဈေးရောင်းကောင်းအောင် Marketing ဆင်းတဲ့ သဘောမျိုးနဲ့ပဲ ဖက်ဒရယ်ဆိုတဲ့ စကားလုံးကိုသုံးတယ် လို့မြင်တယ်"

ယနေ့ ခက်ခဲကြမ်းတမ်းသော နိုင်ငံရေးအချိုးအကွေ့တွင် စစ်အာဏာရှင်ကို ဆန့်ကျင်ရန်အတွက် အင်အားများ စုစည်းရန် ရည်ရွယ်ချက်ဖြင့် စင်ပြိုင်အစိုးရဖြစ်သည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) သည် ဖက်ဒရယ်စနစ်ကို သဘောတူသော်လည်း လက်တွေ့တော်လှန်ရေးကာလအတွင်း၌ပင် ဗဟိုချုပ်ကိုင်မှုများပြီး ဖက်ဒရယ်ကိုလက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်နေခြင်းမရှိသည်ကို တွေ့ရသည်။ ဥပမာအနေဖြင့် ပြည်နယ်များ၏ကိစ္စရပ်များကို အရေးပါသည့် နိုင်ငံရေးအင်အားစုများနှင့် ဆွေးနွေးတိုင်ပင်ခြင်းမလုပ်ဘဲ မူများချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းသည် ယခင်အာဏာမသိမ်းခင်ကာလ တိုင်းရင်းသားမိတ်ဖက်များအား တွဲလက်ဖြုတ်ကာ စွန့်ခွာပြီး အုပ်ချုပ်ခဲ့သည့် NLD အစိုးရ၏ ပုံရိပ်ပောင်းများ ထင်ဟပ်နေသည်။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကိစ္စရပ်များကို ဆွေးနွေးရာတွင် ယခုအချိန်သည် စာရွက်ပေါ်က သဘောတူညီချက် သို့မဟုတ် စကားလုံးများဖြင့် ပြသရမည့်အချိန် မဟုတ်တော့သည့်အပြင် အာဏာခွဲဝေခြင်း ကိစ္စရပ်များကို လက်တွေ့လုပ်ဆောင်ရမည့် အချိန်ဖြစ်ပါသည်။

တိုင်းရင်းသားအစုအဖွဲ့များ၊ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအနေဖြင့် NUCC၊ NUG တို့နှင့် အလုံးစုံပူးပေါင်းဆောင်ရွက်မှုမပြုလုပ်လိုကြသည့် အဓိကအကြောင်းရင်းများတွင် NLD၊ တနည်းအားဖြင့် NUCC တွင်ပါဝင်နေကြသော NLD အများစုဖြစ်သည့် NUG နှင့် CRPH တို့အပေါ် ယုံကြည်မှုအားနည်းခြင်းကြောင့် ဖြစ်သည်ဟု မွန်လူငယ်များက သုံးသပ်ကြသည်။ မကြာသေးခင်က NUCC ကို မဟာမိတ်အဖြစ်သာ ဆက်ဆံသွားမည်ဟု NLD ပါတီမှ ထုတ်ပြန် ကြေညာလိုက်ခြင်းသည် NLD ပါတီအပေါ်မှာ ထားရှိသည့် တိုင်းရင်းသားများ၏ မယုံကြည်မှုကို ပိုမိုခိုင်မာလာစေသည့် အချက်ပင်ဖြစ်သည်။ ထိုသို့နုတ်ထွက်သွားခြင်းသည် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်အပေါ်တွင် ပါတီမှ အပြည့်အဝ အကောင်အထည်ဖော်ရန် တာဝန်မရှိတော့သဖြင့် ဖက်ဒရယ်အပေါ်တွင် ၎င်းတို့၏ ရှင်းလင်းသည့် အမြင်သဘောထားများကိုလည်း ခန့်မှန်း မရနိုင်တော့ကြောင်း မွန်လူငယ်များက သုံးသပ်ကြသည်။

## (ဂ) ဖက်ဒရယ်ယူနစ်များ ဖွဲ့စည်းပုံဖော်ခြင်း

လက်ရှိအချိန်တွင် ဗမာလူမျိုးစုများ အနေဖြင့် ဖက်ဒရယ်အပေါ် အမြင်သဘောထားများ ပြောင်းလဲလာပြီး ဗမာအမျိုးသားကို အခြေပြုသည့် လက်နက်ကိုင် တော်လှန်ရေး တပ်ဖွဲ့တစ်ရပ်လည်း ဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည်။ သို့သော် ဖက်ဒရယ်အကြောင်း ဆွေးနွေးရာတွင် ဗမာအမျိုးသားပြည်နယ် ရှိသင့်သည်ဆိုသည့် အမြင်ယူဆချက်ဖြင့် ဆွေးနွေးမှုများ မတွေ့ရသေးပေ။ ထို့အပြင် ပြည်နယ်များကို လူမျိုးအခြေပြုနှင့် ပထဝီဒေသအခြေပြု အသွင်သဏ္ဍာန်ဖြင့်သော်လည်းကောင်း သို့မဟုတ် အခြားနည်းလမ်းဖြင့်သော်လည်းကောင်း မည်ကဲ့သို့ ဖွဲ့စည်းမည်ကို ဖက်ဒရယ်ကို ထောက်ခံကြသည့် ဗမာတိုင်းရင်းသားများ၏ အမြင်သဘောထားများကို ပြတ်သားစွာ ချပြရန်လိုအပ်သည်ဟု မွန်လူငယ်များက ယူဆကြသည်။

**ကောက်နုတ်ချက် - *အင်တာဗျူးတွင်ဖြေဆိုခဲ့သည့် မွန်လူငယ်တစ်ဦး၏ အမြင်သဘောထား***

> "ဗမာအများစုက ဗမာပြည်နယ်အကြောင်း ဆွေးနွေးလျှင် လက်မခံကြတာ များတယ်၊ အဓိပ္ပါယ်ကတော့ သူတို့က တစ်နိုင်ငံလုံးကို စီမံအုပ်ချုပ်ချင်တာ၊ တိုင်းရင်းသားတွေက ဒါကို လက်မခံဘူး။ ဒီကိစ္စက တော်တော်ကြီးမားတဲ့ စိန်ခေါ်ချက်လို့ မြင်တယ်။"

## (ဃ) အာဏာရှင်ဆန့်ကျင်သည့် အင်အားစုများ၏ စည်းလုံးညီညွတ်မှုမရှိခြင်း

စစ်အာဏာရှင် အပါအဝင် ဗမာလူမျိုးကြီးဝါဒကို တိုက်ဖျက်ရန် တိုင်းရင်းသားလူမျိုးများ နည်းလမ်းပေါင်းစုံဖြင့် တိုက်ပွဲဝင် ကြိုးပမ်းလာခဲ့ကြသည်။ သို့သော် တိုက်ပွဲဝင်တော်လှန်နေကြသည့် တိုင်းရင်းသားလူမျိုးများအကြား အလွှာပေါင်းစုံ စုစည်းနိုင်မှုနှင့် စုပေါင်းခေါင်းဆောင်မှု တစ်ခုအောက်တွင် စည်းလုံးစွာ မလုပ်ဆောင်နိုင်ခဲ့ခြင်းသည် တော်လှန်ရေး အချိန်ကြာမြင့်လာစေခဲ့သည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။

**ကောက်နုတ်ချက် - *အင်တာဗျူးတွင်ဖြေဆိုခဲ့သည့် မွန်လူငယ်တစ်ဦး၏ အမြင်သဘောထား***

> "မြန်မာနိုင်ငံမှာ လက်နက်ကိုင် အဖွဲ့အစည်းလည်းရှိတယ်၊ တချိန်တည်းမှာပဲ နွေဦးတော်လှန်ရေးအရ ပေါ်ပေါက်လာတဲ့ ပြည်သူ့တော်လှန်ရေး အဖွဲ့အစည်းတို့ အပါအဝင် NUCC၊ NUG နဲ့ ရှိနှင့်နေပြီးသား တိုင်းရင်းသား ခုခံမှုအဖွဲ့အစည်း (EROs) တို့အကြားက ယုံကြည်မှု တည်ဆောက်နိုင်ရေးက အဟန့်အတား မဟုတ်ပေမယ့် ထည့်သွင်းစဉ်းစားရမယ့် စိန်ခေါ်မှုတရပ်လို့ မြင်တယ်။ လက်နက်ကိုင် အစုအဖွဲ့ထဲမှာ NCA လက်မှတ်ထိုးထားတဲ့အဖွဲ့တွေရှိသလို၊ မထိုးထားတဲ့အဖွဲ့တွေလည်းရှိတယ်။ ဒါက ပူးပေါင်းဆောင်ရွက်မှုအတွက် သက်ရောက်မှု အတော်အသင့်ရှိတဲ့ စိန်ခေါ်မှုတရပ်လို့ မြင်ပါတယ်"

၂၀၂၁ ခုနှစ် စစ်အာဏာ သိမ်းပြီးနောက်ပိုင်း သမိုင်းတွင် အင်အားအကောင်းဆုံး အာဏာရှင်တော်လှန်သည့် လူမျိုးစုံအစုအဖွဲ့များ ပေါ်ပေါက်လာခဲ့သည်။ တော်လှန်ရေးကို နှစ်ပေါင်းများစွာ တိုက်ပွဲဝင်ခဲ့ကြသည့် တော်လှန်ရေးအစုအဖွဲ့များနှင့် လက်ရှိအာဏာရှင်ကို တော်လှန်နေကြသည့် အစုအဖွဲ့များအကြားတွင်လည်း အားကောင်းသည့် ချိတ်ဆက်ဆောင်ရွက်မှုများ မရှိနေခြင်းသည် ဖက်ဒရယ်အရေး ဆွေးနွေးနိုင်ရန် နှောင့်နှေးမှုများ ဖြစ်စေသည်ဟုလည်း လူငယ်များက သုံးသပ်ကြပါသည်။

# အပိုင်း ၃ — မွန်လူငယ်များ သုံးသပ်၊ တင်ပြသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် လတ်တလော ဦးစားပေး

# လုပ်ဆောင်ရမည့် ကိစ္စရပ်များ

ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရန် လတ်တလော အရေးတကြီး လုပ်ဆောင်ရန်လို အပ်သည်များအနက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ အပြီးတိုင်ဖျက်သိမ်းရေး၊ ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲ အတည်ပြု ရေး အပါအဝင် စစ်အာဏာရှင်တိုက်ဖျက်ရေး တို့သည် အဓိကကျကြောင်း မွန်လူငယ်များက သုံးသပ်ကြသည်။ ဖက်ဒရယ်ပြည်ထောင်စု တည် ဆောက်ရန်အတွက် နိုင်ငံရေး ဆွေးနွေးမှုများ လုပ်ဆောင်ခင် ပထမဦးဆုံး ဆောင်ရွက်ရမည်မှာ လက်ရှိစစ်ကောင်စီမှ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးနှိပ်စက်ခြင်းများ၊ ကျေးရွာများအား မီးရှို့ ဖျက်ဆီးခြင်း၊ အရပ်သားများအား သတ်ဖြတ်ခြင်း များအပါအဝင် အကြမ်းဖက် လုပ်ရပ်များအားလုံး ရပ်တန့်ရန် ဦးစွာ လုပ်ဆောင်ရမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်နိုင်ရန် လက်ရှိ စစ်ရာဇဝတ်မှု ကျူးလွန်နေသည့် စစ်ကောင်စီနှင့် နိုင်ငံရေး ဆွေးနွေးခြင်းများ၊ အစိုးရအဖြစ် အသိ အမှတ်ပြု ခြင်းများ မလုပ်ဆောင်ရန် အရေးကြီးသည်။

ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးသို့ ဦးတည်မည်ဆိုပါက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဖျက်သိမ်းရမည်။ စစ်အာဏာရှင်စနစ် အမြစ်ပြုတ် ချေမှုန်းရေးသည် ဖက်ဒရယ်ပြည် ထောင်စုတည်ဆောက်ရေးနှင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖျက်သိမ်းရေးအတွက် အထူး အရေးကြီးသောကြောင့် လက်ရှိစစ်ကောင်စီကို ဖြုတ်ချရန် စုပေါင်း တိုက်ပွဲဝင်ကြရမည် ဖြစ် သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်မ ခံသကဲ့သို့ တဖက်တွင်လည်း ဖက်ဒရယ်ပြည် ထောင်စုတည်ဆောက်ရန်အတွက် ခိုင်မာသည့် အခြေခံအုတ်မြစ်များ ချမှတ်နိုင်သည့် ဖက်ဒရယ် ဖွဲ့စည်းပုံ ရေးဆွဲအတည်ပြုခြင်းကို အားလုံးပူး ပေါင်းပါဝင်ကာ လှုံ့ဆော်လုပ်ဆောင်သွားကြရ မည် ဟုလည်း မွန်လူငယ်များက ယုံကြည်ကြ သည်။ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ ရာတွင် မဖြစ်မနေ စဉ်းစားရမည့် ဖက်ဒရယ်မူ များမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံသည့် ဖက် ဒရယ်စနစ်၊ အမျိုးသား တန်းတူညီမျှရေး ရှုထောင့် မှ စဉ်းစားသည့် ဗမာအမျိုးသားပြည်နယ်ဆိုင်ရာ ကိစ္စရပ်များ အပါအဝင် ဖက်ဒရယ်ယူနစ်ဖွဲ့စည်း တည်ဆောက်ခြင်း ဆိုင်ရာ အခြေခံ မူများနှင့် တိုင်းရင်းသားများလက်ခံနိုင်သည့် နိုင်ငံ၏ အမည် နာမသတ်မှတ်ရန် ကိစ္စရပ်များ ပါဝင်သည်။ ဖွဲ့စည်းပုံတွင် ထည့်သွင်းစဉ်းစားရမည့်အချက် များကို အထက်ဖော်ပြပါ အပိုင်း (၁) ဇယား (၁) အတိုင်း လူငယ်များ၏ အကြံပြုချက်များကို အသေးစိတ် လေ့လာနိုင်ပါသည်။

ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးလုပ် ငန်းစဉ်များတွင် ပြည်သူလူထုများ၏ ပါဝင်မှု အခန်းကဏ္ဍသည် လွန်စွာအရေးပါသည်။ လူ ငယ်အပါအဝင် ထိုလုပ်ငန်းစဉ်များတွင် ပါဝင် ပတ်သက်နေကြသည့် အရပ်ဘက်အဖွဲ့အစည်း များ၊ အာဏာရှင်တော်လှန်ရေး အစုအဖွဲ့များ၊ နိုင်ငံရေးခေါင်းဆောင်များ၏ ဖက်ဒရယ်ဆိုင်ရာ အသိပညာ၊ ဗဟုသုတ၊ အရည်အချင်းများ ပြည့်ဝ နေရမည်ဖြစ်ပြီး ဖက်ဒရယ်ဆိုင်ရာ အမြင်များ ထပ်တူမကျနိုင်သော်လည်း ဘုံနားလည်မှုရှိရမည် ဖြစ်သည်။ ထို့ကြောင့် ဖက်ဒရယ် အသိပညာပေး မှုများအပါအဝင် အပြန်အလှန် ဆွေးနွေးမှုများ လုပ်ဆောင်ကြရန် အရေးကြီးသည်ဟုလည်း မွန် လူငယ်များက မှတ်ချက်ပြုကြသည်။

*အပိုင်း (၃) မွန်လူငယ်များ သုံးသပ်၊ တင်ပြသည့် ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရန် လတ်တလော ဦးစားပေး လုပ်ဆောင်ရမည့် ကိစ္စရပ်များမှ ကောက်နုတ်ချက်များ*

- စစ်အာဏာရှင်စနစ် ကျဆုံးရေးအတွက် အတူတကွ လက်တွဲတိုက်ပွဲဝင်ရန်
- ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အပြီးသတ်ဖျက်သိမ်းရေးကို အခြေခံပြီး ဖက်ဒရယ်အရေးဆက်လက်ဆွေးနွေးရန်
- ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံသည့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲ ရေးလုပ်ငန်းစဉ်များ အမြန်ဆုံးစတင် ဆွေးနွေးရန်
- အားလုံးပူးပေါင်းပါဝင်နိုင်သည့် ဖက် ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်ရန်
- ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ ရေးဆွဲရန်
- အမျိုးသားတန်းတူညီမျှရေးကို အခြေခံ သည့် ဗမာအမျိုးသားပြည်နယ်ကိစ္စရပ် များ အပါအဝင် ဖက်ဒရယ်ဖွဲ့စည်းရေး

# အပိုင်း ၄ — ဖက်ဒရယ်တည်ဆောက်ရေးတွင် ပါဝင်ရမည့် အဓိကဇာတ်ကောင်များ

## (က) ပါဝင်ရမည့် အဓိက ဇာတ်ကောင်များ

ဖက်ဒရယ်အရေးသည် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် လူသားအားလုံးနှင့်သက်ဆိုင်သောကြောင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် အားလုံးပူးပေါင်းပါဝင်ကြရမည်ဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ NUG၊ NUCC၊ PDF သို့မဟုတ် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်း ပေါ်ပေါက်လာသော တော်လှန်ရေးအစုအဖွဲ့များ၊ လူငယ်များ၊ အမျိုးသမီးများ၊ အရပ်ဘက်အဖွဲ့အစည်းများ အပါအဝင် အခြားသက်ဆိုင်ရာ ပါဝင်သင့်သူများအားလုံး ပါဝင်မှသာလျှင် အဓိပ္ပါယ်ပြည့်ဝသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်ဖြစ်မည်ဟု မွန်လူငယ်များက ယူဆကြသည်။

## (ခ) ဖက်ဒရယ်တည်ဆောက်ရေးနှင့် လူငယ်များ၏ အခန်းကဏ္ဍ

လူငယ်များသည် လူငယ်သီးသန့်ကိုယ်စားပြုမှုဖြင့် ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး၏ ကဏ္ဍအသီးသီးတွင် ပါဝင်ရမည်ဖြစ်သည်။ အထူးသဖြင့် ပြည်ထောင်စုနှင့် သက်ဆိုင်ရာပြည်နယ်များ၏ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရေး၊ ကြားကာလ တရားမျှတမှုရရှိရေး၊ အသွင်ကူးပြောင်းရေးနှင့် အမျိုးသား ရင်ကြားစေ့ရေး ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆွေးနွေးမှုများ၊ တိုင်းပြည်၏ မဏ္ဍိုင် ၃ ရပ် ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အစရှိသည့်အခန်းကဏ္ဍများတွင် ပါဝင်ရမည် ဖြစ်သည်။ ခေတ်အဆက်ဆက် မြန်မာနိုင်ငံ၏ အရေးကြီးသည့် နိုင်ငံရေးဆိုင်ရာ ကိစ္စရေးရာများနှင့်ဆိုင်သည့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် လူငယ်များ၏ အသံနှင့် လူငယ်များပါဝင်နိုင်ရေးအခွင့်အလမ်းများ အပိတ်ပင်ခံခဲ့ရပြီး လူငယ်များ၏ပါဝင်မှုမှာ အကန့်အသတ်များစွာရှိခဲ့ပါသည်။

**ကောက်နုတ်ချက် - အင်တာဗျူးတွင်ဖြေဆိုခဲ့သည့် မွန်လူငယ်တစ်ဦး၏ အမြင်သဘောထား**

> "အဆင့်မြင့် နိုင်ငံရေးဆွေးနွေးမှု အဆင့်ဆင့်တွေမှာ လူကြီးတွေက လူငယ်များရဲ့ ပါဝင်မှုကို နှစ်ခြိုက်တာ အရမ်းနည်းပြီး အမျိုးသမီးများ ပါဝင်လာမှာကိုလည်း အမျိုးသားခေါင်းဆောင်တွေက သိပ်မနှစ်ခြိုက်ကြဘူး"

နိုင်ငံရေး အကူးအပြောင်းကာလတွင် လူကြီး၊ လူငယ် အမြင်မတူခြင်းများ ရှိမည်မှာ မလွဲသာပါ။ ထိုမတူညီမှုများကို မျက်နှာစုံညီ ဆွေးနွေးတိုင်ပင်လျှင် ကောင်းမွန်သည့် ရလဒ်များ ရလာနိုင်သည်။ လက်ရှိ မွန်နိုင်ငံရေး အခင်းအကျင်းတွင် လူငယ်များ ပြောဆိုဆွေးနွေးရန် အကန့်အသတ်များစွာ ရှိနေပါသည်။ ထိုအကန့်အသတ်များအား ဖြေလျှော့ရန် မွန်အမျိုးသားခေါင်းဆောင်များက ဦးစားပေးလုပ်ဆောင်နိုင်ပြီး၊ ထိုသို့ လုပ်ဆောင်ရာတွင် အမြင်မတူသည့် လူငယ်အုပ်စုများကို ဖယ်ကျဉ် မထားရန် အလွန်အရေးကြီးသည်။

> "နိုင်ငံရေးအခင်းအကျင်းအသစ်တစ်ခုမှာ လူကြီးတွေက တစ်မျိုးသွား၊ လူငယ်တွေကတမျိုးသွားနေတာ မဖြစ်စေချင်ဘူး၊ အဓိကက အမျိုးသားခေါင်းဆောင်တွေ

မှာ လုပ်ပိုင်ခွင့်တွေ ပိုရှိတယ်၊ အဲကြောင့် သူတို့ လူငယ်တွေနဲ့ တွေ့ဆုံဆွေးနွေးမှု တွေလုပ်ရင် ပိုကောင်းတယ်လို့မြင်တယ်။ အဲလိုတွေ့တဲ့နေရာမှာလည်း ကိုယ်နဲ့ အမြင်တူတဲ့လူငယ်တွေကိုပဲ ခေါ်တွေ့တာမဖြစ်စေချင်ဘူး၊ အဲလိုပဲ ခေါ်တွေ့ရင် အမြင်အသစ်တွေ ရလာမှာမဟုတ်ဘူး၊ အမြင်မတူ၊ ဝေဖန်ထောက်ပြတဲ့ လူငယ်တွေနဲ့ တွေ့ဆုံစကားပြောစေချင်တယ်၊ အဲဒါမှလည်း အကြံဉာဏ်အသစ်၊ အမြင်အသစ်တွေ ရရှိလာနိုင်မယ်လို့ ကျွန်တော်ယုံကြည်တယ်"

*ဟု မွန်လူငယ်သုတေသီနှင့် အမျိုးသားရေးတက်ကြွလှုပ်ရှားသူ တစ်ဦးမှ အင်တာဗျူး ဖြေဆိုရာတွင် ပြောဆိုခဲ့ပါသည်။ လူငယ်များသည် လူငယ်များဖြစ်သည့်အလျောက် အရင်းအမြစ် အကန့်အသတ် (Resource Limit) နှင့် အသိဉာဏ် အကန့်အသတ် (Knowledge Limit) များ၊ အရည်အချင်းပိုင်းဆိုင်ရာ အကန့်အသတ် (Capacity Limit) များ နှင့် လိုအပ်ချက်များ ရှိတတ်ကြသည်။ လူငယ်များသည် ကဏ္ဍတိုင်းတွင် ပါဝင်ဆွေးနွေးနိုင်သော ပင်ကိုယ်အရည်အချင်း ရှိကြသဖြင့် ယခုထက်ပို၍ ပါဝင်လာသင့်သည်။ တစ်ဖက်တွင်လည်း လူငယ်များကိုယ်တိုင် မိမိ အကောင်အထည်ဖော် ဆောင်ရွက်မည့် သက်ဆိုင်ရာကဏ္ဍကို သိရှိနားလည်ရန်နှင့် လိုအပ်သည့်အရည်အသွေးကို ဖြည့်ဆည်းထားရန် အရေးကြီးပါသည်။ ထို့အပြင် လူငယ်များတွင် လူငယ်ကိုယ်စားပြုနိုင်စွမ်း (representability) ရှိနေရန်လည်း လိုအပ်သည်ဟု ခြုံငုံသုံးသပ်ထားပါသည်။*

# **အပိုင်း ၅** — ဖက်ဒရယ်ပြည်ထောင်စုသို့ချီတက်ချိန် လက်တွေ့ကျသည့် မွန်လူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကိုယ်ထူကိုယ်ထ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

သမိုင်းကြောင်းများကို ပြန်လှန်ကြည့်သည့်အခါ မွန်လူမျိုးတို့သည် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ်ပိုင်အုပ်ချုပ်မှု အာဏာ အပြည့်အဝနှင့် ကိုယ်ပိုင်နိုင်ငံကို တည်ဆောက်ခဲ့ကြသည့် လူမျိုးတစ်မျိုးဖြစ်သည်။ မွန်လူမျိုးတို့၏ အန္တိမနိုင်ငံရေးပန်းတိုင်သည် ၎င်းတို့လူမျိုး၏ကံကြမ္မာကို ၎င်းတို့ကိုယ်တိုင် ဖန်တီးစီမံသည့် တနည်းအားဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရှိသည့် ရာမညတိုင်းနိုင်ငံ ထူထောင်ခြင်းနှင့် မွန်တို့၏နိုင်ငံရေးအာဏာ ပြန်လည်တည်ဆောက်ခြင်း ဖြစ်သည်ဟု မွန်လူငယ်များက ယုံကြည်ကြသည်။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ခြင်းသည် မွန်လူမျိုးတို့ ရည်မှန်းသည့် နောက်ဆုံးနိုင်ငံရေးပန်း တိုင်ဆီသို့ သွားနိုင်မည့် ဗျူဟာ သို့မဟုတ် လမ်းကြောင်း တစ်ခုအဖြစ် မွန်လူငယ်များက ရှုမြင်ကြသည်။

***ကောက်နှုတ်ချက်*** *- အင်တာဗျူးတွင်ဖြေဆိုခဲ့သည့် မွန်လူငယ်တစ်ဦး၏ အမြင်သဘောထား*

"ဖက်ဒရယ်က မွန်တို့ရဲ့ နိုင်ငံရေးပန်းတိုင် မဟုတ်ဘူး။ ပန်းတိုင်က လွတ်လပ်ရေး တနည်းအားဖြင့် ကိုယ်ပြဋ္ဌာန်းခွင့် (self-determination) အပြည့်အဝရရှိရေး ဖြစ်တယ်။"

***ကောက်နှုတ်ချက်*** *- အင်တာဗျူးတွင်ဖြေဆိုခဲ့သည့် မွန်လူငယ်တစ်ဦး၏ အမြင်သဘောထား*

"ဖက်ဒရယ်ပြည်ထောင်စုက မွန်တို့ရဲ့ နိုင်ငံရေးပန်းတိုင်လို့ တထစ်ချမပြောနိုင်

သော်လည်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံပေးတယ်ဆိုရင် ဖက်ဒရယ်က မွန်တို့ရဲ့ နိုင်ငံရေးပန်းတိုင်ပါပဲ။ ဒါပေမယ့် အဲလိုဖက်ဒရယ်မဖြစ်လာဘူးဆိုရင် မွန်တို့ရဲ့ ပန်းတိုင်က သီးခြားနိုင်ငံဖြစ်သွားနိုင်တယ်"

ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ခြင်းသည် လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးပဋိပက္ခများကို ဖြေရှင်းနိုင်ရန် ပိုမိုသင့်လျော်သော နည်းလမ်းလည်းဖြစ်သည်။ ဖက်ဒရယ်အမျိုးအစားများတွင် ကွန်ဖက်ဒရိတ် (Confederate) သဘောဆန်သည့် ဖက်ဒရယ်သည်သာလျှင် မိမိတို့၏မွန်လူမျိုးများ လျှောက်လှမ်းလိုသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိရေးကို အထောက် အကူပိုဖြစ်မည်ဟုလည်း မွန်လူငယ်များက ယူဆကြပါသည်။ ဖက်ဒရယ်တည်ဆောက်ရန် ကြိုးပမ်းကြသည့် ခရီးသည် ဆယ်စုနှစ်များစွာ ရှည်ကြာလာခဲ့ပြီး နောက်ထပ်နှစ်ပေါင်း မည်မျှကြာသည့်အထိ ဆက်သွားရမည်ကိုလည်း မခန့်မှန်းနိုင်ပါ။ လက်ရှိအနေအထားသည် အထက်မှာ ဖော်ပြထားသကဲ့သို့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးခရီးလမ်းတွင် စိန်ခေါ်မှုများစွာ ရှိနေသေးသည်။ ယခုစိန်ခေါ်မှုများကို တစ်နိုင်ငံလုံးရှိ တိုင်းရင်း သားမိတ်ဖက်များနှင့် အတူတကွ ဆွေးနွေးအဖြေရှာရမည် ဟု မွန်လူငယ်များတိုက်တွန်းထားကြပါသည်။

လက်ရှိအခြေအနေတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဟုဆိုရာ၌ မွန်လူမျိုးတို့တွင် အချို့ကိစ္စရပ်များအား စီမံပိုင်ခွင့်ရှိနေသည်ကို ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရှိသည်ဟု ထင်ယုံထင်မှားဖြစ်စရာများရှိသည်။ စာသင်ကျောင်းများတွင် မွန်စာပေသင်ကြားခွင့်ရနေခြင်း၊ နွေရာသီ မွန်စာပေ သင်ကြားခွင့်ရနေခြင်း၊ ပရိယတ္တိစာမေးပွဲများကို မွန်ဘာသာဖြင့် ဖြေဆိုခွင့်ရနေခြင်းနှင့် မွန်ရိုးရာ ယဉ်ကျေးမှုအခမ်းအနားအချို့ ကျင်းပခွင့်ရနေခြင်း စသည့် ကိစ္စရပ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အဖြစ် ထင်မြင်နိုင်ချေရှိသည်။ သို့သော်လည်း ထိုအခွင့်အရေးများသည် ဗဟိုအာဏာအစုအဖွဲ့က ပေးအပ်မှသာ ရရှိပြီး နိုင်ငံရေးအာမခံချက်မရှိသဖြင့် အချိန်မရွေးပြောင်းလဲနိုင်သည်။ ထို့အပြင် ၎င်းကိစ္စရပ်များကို ကိုင်တွယ်ရာတွင် လိုအပ်သည့် မူဝါဒများ၊ ဆုံးဖြတ်ချက်များ ချမှတ်ပိုင်ခွင့်သည် မိမိတို့မွန်လူမျိုးတွင် လုံးဝမရှိချေ။ ထို့ကြောင့် ၎င်းအခွင့်အရေးများ အနည်းငယ်ရရှိနေခြင်းသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိနေခြင်းမဟုတ်ဟု မွန်လူငယ်များက ယုံကြည်ကြသည်။

မည်သို့ပင်ဖြစ်စေကာမူ မွန်လူမျိုးများသည် ကိုယ်ထူကိုယ်ထ မိမိတို့လူမျိုး၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖော်ထုတ်သွားနိုင်သည်ဟု မွန်လူငယ်များက ယုံကြည်ပြီး ယခုအချိန်သည် အကောင်အထည်ဖော်နေသည့် အမျိုးသားလွတ်မြောက်ရေး လမ်းစဉ်နှင့်တကွ လမ်းစဉ်အသစ်၊ လုပ်ငန်းဆောင်တာအသစ်များအား ချဲ့ထွင်လုပ်ဆောင်သွားရန် အကောင်းဆုံးအချိန် ဖြစ်သည်ဟုလည်း ယုံကြည်ကြသည်။ အဓိကအရေးကြီးသည်မှာ မွန်တို့၏ အန္တိမနိုင်ငံရေးပန်းတိုင်ကို သွားမည့် နိုင်ငံရေးလမ်းပြမြေပုံ (Mon Political Roadmap) ကို တမျိုးသားလုံး အတူတကွ ရေးဆွဲအကောင် အထည်ဖော်ရန် ဖြစ်သည်။

**ကောက်နုတ်ချက်** - *အင်တာဗျူးတွင်ဖြေဆိုခဲ့သည့် မွန်လူငယ်တစ်ဦး၏ အမြင်သဘောထား*

"ကျွန်တော်တို့ မွန်လူမျိုးနိုင်ငံရေးလမ်းစဉ်ကို ရှင်းရှင်းလင်းလင်းနဲ့ ချမှတ်ဖို့အရေးကြီးတယ်၊ ဒီလမ်းစဉ်ကိုဆွဲရင်လည်း ဘုံသဘောတူညီချက်နဲ့သွားရမယ်။ ဘယ်သူ၊ ဘယ်အဖွဲ့ပဲဖြစ်ဖြစ် ဒါကိုကိုင်ဆွဲထားမယ်ဆိုရင် ကျွန်တော်တို့ မွန်လူမျိုးရဲ့ပန်းတိုင်ကိုရောက်လာနိုင်တယ်။"

၎င်းအပြင် ထိုနိုင်ငံရေးလမ်းစဉ်ကို အကောင် အထည်ဖော်လိုသည့် နိုင်ငံရေးစိတ်ဆန္ဒအနေဖြင့် မွန်အမျိုးသားခေါင်းဆောင်များနှင့် မွန်လူထုများတွင် ပြင်းပြရှင်သန်နေကြမှသာလျှင် ချမှတ်ထားသည့် နိုင်ငံရေးပန်းတိုင်သည် အဓိပ္ပါယ်ပြည့်ဝမည်ဖြစ်သည်။ မွန်ပြည်သူများ မိမိတို့၏ အန္တိမနိုင်ငံရေးပန်းတိုင်ကို ကောင်းစွာ သိရှိနားလည်ရမည်။ ထိုသို့သိရှိနားလည်လာစေရန် လိုအပ်သော အသိပညာပေးလုပ်ငန်းများနှင့် အမျိုးသားရေးစိတ်ဓာတ်များ ခိုင်မာ အားကောင်းလာစေမည့် စည်းရုံးလှုံ့ဆော်မှုများ လုပ်ဆောင်ကြရမည်။ ထိုလမ်းစဉ်ကို အကောင် အထည်ဖော်နိုင်ရန် အောက်ခြေမှ ပြန်လည်ပြင်ဆင်မွမ်းမံ တည်ဆောက်ရမည်ဟုလည်း မွန်လူငယ်များက ထောက်ပြကြသည်။

မွန်နိုင်ငံရေးလမ်းစဉ်အပြင် ၎င်းတို့၏ နိုင်ငံရေး ဩဇာအာဏာ ပြန်လည်တည်ဆောက်ရန် အဓိကအရေးကြီးသည့် မဏ္ဍိုင်များ (ကဏ္ဍများ) ဖြစ်သော လွတ်လပ်သည့်သင်ရိုးညွှန်းတမ်းဖြင့် အမျိုးသားပညာရေးစနစ် ပိုမို ခိုင်မာ အားကောင်းရေး၊ ဒေသအခြေပြု စီးပွားရေးလုပ်ငန်းများ ထွန်းကားလာရေး၊ လူသားအရင်းအမြစ်များအပါအဝင် မွန် အမျိုးသား ကာကွယ်ရေးအတွက် လိုအပ်သည့် အခြားအင်အားများ ဖြန့်ကျက်တိုးချဲ့ရေးတို့သည် အဓိကဦးစားပေး ဆောင်ရွက်ကြရမည့် ကိစ္စရပ်များဖြစ်သည်။ ထို့အပြင် မွန်တို့၏ သမိုင်း အမွေအနှစ်များနှင့် စာပေ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများဖြစ်သည့် မွန်စာပေယဉ်ကျေးမှု ထွန်းကားရေး၊ မွန်စာပေတတ်မြောက်မှုနှုန်း မြင့်မားရေးအပါအဝင် မွန်စာပေ သုံးစွဲခြင်းမူဝါဒများ ရေးဆွဲရေးတို့သည် မွန်နိုင်ငံရေး ဩဇာချဲ့ထွင်ခြင်းအတွက် ဦးစားပေး စဉ်းစားအကောင်အထည် ဖော်ကြရမည်။ ထိုကဲ့သို့ ပင် လူသားအရင်းအမြစ်များအား စီမံအုပ်ချုပ်နိုင်ရန်လည်း လိုအပ်သည့် မူများရေးဆွဲသွားကြရမည်။ မိမိတို့မျှော်မှန်းသည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၏ အခြေခံမူများသည် ဖက်ဒရယ်၏ ပြည်နယ်ဖွဲ့ စည်းပုံတွင် ထင်ဟပ်နေရမည်ဟု မွန်လူငယ်များက ယုံကြည်ကြသည်။

အန္တိမနိုင်ငံရေးပန်းတိုင် ရောက်ရှိရန် လျှောက်လှမ်းရာတွင် မွန်နိုင်ငံရေး ခေါင်းဆောင်များနှင့် အဖွဲ့အစည်းအနည်းငယ်ကသာ ကြိုးပမ်းဆောင်ရွက်၍ မရနိုင်ပါ။ အမျိုးသားထုတစ်ခုလုံး လက်တွဲညီစွာ ဆောင်ရွက်ကြရမည်။ အထူးသဖြင့် နိုင်ငံရေးလမ်းစဉ် အကောင်အထည် ဖော်ရာတွင် လူငယ်များကို ချန်လှပ်ထားခြင်း မရှိစေရန် အထူးဂရုပြုကြရမည်ဖြစ်ပြီး ကဏ္ဍပေါင်းစုံမှ (ဥပမာ - ကဏ္ဍစုံမှ တက်ကြွလှုပ်ရှားနေသော လူငယ် ခေါင်းဆောင်များ၊ အရပ်ဘက်လူမှုခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များ၊ အမျိုးသားရေး ခေါင်းဆောင်များ၊ ပညာရှင်များ၊ အမျိုးသမီးများ၊ ဘာသာရေးအခြေပြု အစုအဖွဲ့များနှင့် အခြားပါဝင် ဘက်များ) ပူးပေါင်းပါဝင်မှု အားကောင်းလာစေရန် ဆောင်ရွက်ပေးရမည်။ အားလုံးပူးပေါင်းဆောင် ရွက်ရန်အတွက် မွန်လူမျိုးများတွင် စည်းလုံး ညီညွတ်မှု ရှိရမည်။ အချင်းချင်းသွေးမကွဲကြရန်နှင့် မိမိတို့အားသန်ရာကဏ္ဍများတွင် စွမ်းစွမ်း တမံ စုပေါင်း ချီတက်ကြရမည်ဟု မွန် လူငယ်များ မှတ်ချက်ပေး တိုက်တွန်းထားကြသည်။

**ကောက်နုတ်ချက်** - *အင်တာဗျူးတွင်ဖြေဆိုခဲ့သည့် မွန်လူငယ်တစ်ဦး၏ အမြင်သဘောထား*

> "ရာမညပြည်သူရဲ့ Sense တစ်ခုလုံး တည်ဆောက်ဖို့လိုတယ်၊ အားလုံးညီညွတ်အောင်လုပ်ဖို့လိုတယ်။ ဦးဆောင်မှုနဲ့ ပတ်သက်ပြီးတော့ စဉ်းစားလို့ရှိရင် ဘာသာရေးကို အခြေမခံဘဲ တကယ့်ကိုဦးဆောင်နိုင်တဲ့ နိုင်ငံရေးအမြင်ရှိတဲ့သူတွေကို နေရာပေးဖို့လိုတယ်၊ ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား စကားပြောနိုင်တဲ့သူတွေ၊ ဆွေးနွေးနိုင်တဲ့သူတွေ နိုင်ငံရေးနေရာကို ရောက်လာဖို့လိုတယ်။ အဲလိုမျိုးတွေကို များများတိုက်တွန်းဖို့လိုတယ်။ လုပ်သင့် လုပ်ထိုက်တဲ့အရာကို ရဲရဲဝံ့ဝံ့လုပ်နိုင်ဖို့လဲ လိုတယ်။"

## အပိုင်း ၆ — သုတေသနအဖွဲ့၏ မှတ်ချက်နှင့် အကြံပြုချက်များ

ယခု မူဝါဒအကြံပြု သုတေသနစာတမ်းသည် လက်ရှိ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းစဉ်များ ပြန်လည်ဆွေးနွေးနေကြသည့် နိုင်ငံရေးအချိုးအကွေ့တွင် မွန်လူငယ်များ၏ အမြင်သဘောထားများ၊ စိုးရိမ်ချက်များကို လေ့လာပြီး ခြုံငုံတင်ပြထားခြင်းဖြစ်သည်။ ယခု သုတေသနအတွက် တွေ့ဆုံခဲ့ကြသည့် မွန်လူငယ် ခေါင်းဆောင် အများစုသည် လက်ရှိနိုင်ငံရေး အခင်းအကျင်းတွင် တိုက်ရိုက် ဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက်ဖြင့်သော်လည်းကောင်း ပါဝင်

ပတ်သက်နေကြသူများ ဖြစ်သည်။ လူငယ်များ၏ နိုင်ငံရေးအမြင်သဘောထားသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိရေးကို ဦးတည်ကြပြီး ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ခြင်းဖြင့်သာ လက်ရှိ မြန်မာနိုင်ငံရေးပဋိပက္ခကို ဖြေရှင်းနိုင်ပြီး အမျိုးသာ တန်းတူညီမျှရေး ကိုလည်း ဆက်လက် ဦးတည် ဆွေးနွေးသွားနိုင်မည်ဟု ယုံကြည်ကြသည်။

ဖက်ဒရယ်စနစ်ကို တစိတ်တပိုင်း ယုံကြည်လက်ခံသော်လည်း မြန်မာ့နိုင်ငံရေး ရှုပ်ထွေးမှုကြောင့် မွန်လူငယ်အများစုသည် မိမိတို့လူမျိုးကို ကာကွယ်နိုင်ရန် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ယခုချိန်မှ စ၍ တည်ဆောက်သွားလိုကြသည့် နိုင်ငံရေးစိတ်ဆန္ဒ အလွန်ပြင်းပြကြသည်ကို တွေ့ရှိရသည်။ ထို့အပြင် နယ်ပယ်အသီးသီးတွင် ဦးဆောင်ဦးရွက်ပြုနေကြသည့် မွန်လူငယ် ခေါင်းဆောင်များ သည် ဖက်ဒရယ်ရေးရာ ကိစ္စရပ်များတွင် စိတ်ဝင်စားစွာ လေ့လာပြီး အထိုက်အလျောက် နားလည် သဘောပေါက်ကြကာ ပါဝင်ဆွေးနွေးနိုင်ရန် လုံလောက်သည့် အရည်အချင်းရှိသည်။ မွန်အမျိုးသားတို့၏ ကိုယ့်ကြမ္မာ ကိုယ် ဖန်တီးခွင့်ကို အထောက်အကူပြုပြီး မွန်လူငယ်များ၏ အခန်းကဏ္ဍများကို မြှင့်တင်သွားနိုင်ရန် ရည်ရွယ်ချက်ဖြင့် အောက်ပါ အကြံပြုချက်များကို သုတေသနပြုစုသူများမှ တင်ပြတိုက်တွန်းပါသည်။

| အကြံပြုချက် နံပါတ်စဉ် | အကြံပြုချက်များ |
|---|---|
| အကြံပြုချက် (၁) | ဖက်ဒရယ်အရေးဆွေးနွေးရာတွင် သော်လည်းကောင်း၊ ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေများ သို့မဟုတ် အခြေခံမူများ ရေးဆွဲရာတွင် သော်လည်းကောင်း၊ ရာမညမွန်ပြည် (နယ်) ဖွဲ့စည်းပုံကို ပြန်လည်သုံးသပ်ကာ မွမ်းမံပြင်ဆင်ရာတွင် သော်လည်းကောင်း နိုင်ငံရေးခေါင်းဆောင်များ နှင့် ဆွေးနွေးမှုများတွင် ပါဝင်ကြသည့် သက်ဆိုင်ရာ အစုအဖွဲ့များအနေဖြင့် မွန်လူငယ်တို့၏ နိုင်ငံရေးအမြင်များဖြစ်သည့် ယခုသုတေသနရှာဖွေတွေ့ရှိချက်များကို အလေးအနက်ထား ထည့်သွင်းစဉ်းစားကြရန် တိုက်တွန်းသည်။ |
| အကြံပြုချက် (၂) | ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ရန် သွားရမည့် လမ်းကြောင်းသည် ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ အသစ်တစ်ရပ် ရေးဆွဲရေးနှင့် ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရေးဆွဲရေးဖြစ်သည်။ လက်ရှိ အပြင်အဆင်များတွင် ပူးပေါင်းပါဝင်သင့်သူများ ပါဝင်နိုင်ရေး  ဦးဆောင်သူများမှ စီစဉ်ပေးရန် တိုက်တွန်းသည်။ |
| အကြံပြုချက် (၃) | ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကြီးမားသော ဘောင်ကန့်သတ်ချက်များ အောက်တွင် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ခြင်းသည် လုံလောက်၊ မှန်ကန်သည့် နိုင်ငံရေးထွက်ပေါက်မဟုတ်ပေ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ခံကျင့်သုံးခြင်း၊ သို့မဟုတ် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပိုမိုခိုင်မာစေလာမည့် နိုင်ငံရေးဆွေးနွေးခြင်း၊ သဘောတူညီချက်များ ရယူခြင်းများကို လတ်တလော မလုပ်ဆောင်ကြရန် အရေးကြီးသည်။ |
| အကြံပြုချက် (၄) | ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် နှင့် အမျိုးသားတန်းတူညီမျှရေးကို အခြေခံသည့် ဖက်ဒရယ်မူများ၊ ဥပဒေများ ပြင်ဆင်ရေးဆွဲရန် တိုက်တွန်းပြီး ထိုမူများနှင့် ဆန့်ကျင်သည့် လုပ်ရပ်များ အား ရှောင်ကျဉ်ကြရန် လိုအပ်သည်ဟု မှတ်ချက်ပြုသည်။ |
| အကြံပြုချက် (၅) | လက်ရှိတွင် ဖက်ဒရယ်အရေးကို ဆွေးနွေးနေကြသည့် အချိန်ကာလတွင် မိမိတို့မွန်လူမျိုး၏ ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးခြင်းအား ကိုယ်ထူကိုယ်ထ လုပ်ဆောင်သွားကြရန် သုတေသနတွင် ပါဝင်ခဲ့ကြသည့် မွန်လူငယ်များနှင့် အတူ ယခုသုတေသနစာတမ်းမှ အလေးအနက်ထား၍ တိုက်တွန်းသည်။ |
| အကြံပြုချက် (၆) | လူငယ်များပါဝင်နိုင်သည့် မွန်အမျိုးသားနိုင်ငံရေးဆွေးနွေးမှုအခင်းအကျင်း ဖြစ်ရန် ရည်ရွယ်ချက်ဖြင့် ဖက်ဒရယ်အရေးဆွေးနွေးစဉ်းစားရာတွင် သက်ဆိုင်သည့် မွန်နိုင်ငံရေးခေါင်းဆောင်များ၊ အစုအဖွဲ့များက မွန်လူငယ်များနှင့် ဆွေးနွေးတိုင်ပင်ရန် အလေးအနက် တိုက်တွန်းပါသည်။ မွန်လူငယ်များထဲတွင်လည်း မတူညီသည့် အစုအဖွဲ့များမှ လူငယ်များအားလုံးကို ထည့်သွင်းစဉ်းစားရန် အရေးကြီးသည်။ |
| အကြံပြုချက် (၇) | ဖက်ဒရယ်အပါအဝင် အခြားအရေးကြီးသည့် နိုင်ငံရေးဆိုင်ရာ ပညာရပ်များကို မွန်လူငယ်များ၊ အမျိုးသမီးများနှင့် အခြားစိတ်ပါဝင်စားသည့် မွန်လူမျိုးများ သင်ယူနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးရန် လတ်တလောတွင် အထူးလိုအပ်နေပြီး ထိုအခွင့်အလမ်းများကိုလည်း လူတိုင်း လက်လှမ်းမီရန် သက်ဆိုင်သည့် အဖွဲ့အစည်းများမှ အားထုတ်၊ ဖန်တီးပေးရန် တိုက်တွန်းသည်။ |

# ကျေးဇူးတင်ခြင်း

NRFF ၏ လုပ်ငန်းအစိတ်အပိုင်းတစ်ရပ်အနေဖြင့် "မွန်လူငယ်များရှုထောင့်မှ ဖက်ဒရယ်အား ဖျတ်ခနဲ မျှော်ကြည့်ခြင်း" သုတေသနစာတမ်း အောင်မြင်စွာ ထုတ်ဝေနိုင်ရေးအတွက် ပထမဦးစွာ အင်တာဗျူးတွေ့ဆုံမေးမြန်းမှုများတွင် ပါဝင်ခဲ့သော တာဝန်ရှိလူငယ်ခေါင်းဆောင်များအား အထူးပင်ကျေးဇူးတင်ပါသည်။ ထိုတွေ့ဆုံမေးမြန်းမှုများ အဆင်ပြေချောမွေ့စေရန်အတွက် စီစဉ်ပေးသော NRFF အဖွဲ့သားများ၊ အချို့သောလူငယ်ခေါင်းဆောင်များနှင့် ချိတ်ဆက်ပေးသော သက်ဆိုင်ရာ တာဝန်ရှိသူများ၊ အကူအညီပေးခဲ့ကြသော အဖွဲ့အစည်းများ၊ အကြံဉာဏ်ပြုပေးကြသော အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များအား အထူးပင် ကျေးဇူးတင်ပါသည်။ နောက်ဆုံးအနေဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသည့် အဖွဲ့အစည်းများ၊ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်သူများနှင့် အခြားကျေးဇူးတင်ထိုက်သူများအား သုတေသနအဖွဲ့မှ အထူးပင် ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

## Endnotes

၁ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း "ပြည်ထောင်စု"၊ သန်ခေါင်းစာရင်း အစီရင်ခံစာ၊ ပြည်သူ့အင်အား ဦးစီးရေး ဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ၂၀၁၆ ခုနှစ်၊ မေလ။

၂ Transnational Instttitute, "The Current Crisis in Myanmar: The Different Political Position of the Mon People", Min Naing Soon, November  2, 2021. https://www.tni.org/en/article/the-current-crisis-in-myanmar-the-different-political-position-of-the-mon-people

၃ "မွန်အမျိုးသားလွတ်မြောက်မှု တော်လှန်ရေး ဖြစ်စဉ်သမိုင်း"၊ နိုင်ဟံသာ၊ Centre for Development and Ethnic Studies (CDES)၊ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ။

၄ Khin Khin Mar, "Myanmar's coup from the eyes of ethnic minorities -စစ်အာဏာသိမ်းမှုအပေါ် တိုင်းရင်းသားများအမြင်", new mandala, February 22, 2021. https://www.newmandala.org/myanmars-coup-from-the-eyes-of-ethnic-minorities/#kk

၅ Eleven Media၊ "မွန်၊ ကရင်၊ ပအိုဝ်းလူငယ်များ"အာဏာရှင်ဟူသမျှ တော်လှန်ကြ" ခေါင်းစဉ်ဖြင့်ဆန္ဒဖော်ထုတ်"၊ ဖေဖော်ဝါရီ ၁၁ ရက်နေ့၊ ၂၀၂၁။ https://news-eleven.com/broadcast/24232

၆ လဂွမ်းအိမ်စာစဉ်၊ "MSICC အတွင်းရေးမှူး (၂) နှင့် ဆက်သွယ်မေးမြန်းချက်"၊ စက်တင်ဘာလ ၁၃၊ ၂၀၂၁။

၇ "ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ"

၈ ကမ္ဘာ့ကုလသမဂ္ဂ (United Nations)၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေး ပန်းတိုင် (Sustainable Development Goals)၊ လူငယ် နှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေး ပန်းတိုင် (Youth and the SDGs) https://www.un.org/sustainabledevelopment/youth/

၉ လူငယ်၊ ငြိမ်းချမ်းရေး နှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအမှတ် ၂၂၅၀၊ ဆုံးဖြတ်ချက်မိတ်ဆက်၊ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ (UN Security Council)၊ ၂၀၁၅ ခုနှစ်။

၁၀ "ကုလသမဂ္ဂ လုံခြုံရေးကောင်စီ"

၁၁ မွန်လူငယ်များ ဆုံရပ်၊ "မွန်လူငယ်ရေးရာ မူဝါဒ"၊ ဇန်နဝါရီလ ၂၉၊ ၂၀၂၂။

၁၂ ယခုသုတေသနတွင် ပါဝင်ဖြေဆိုခဲ့ကြသည့် မွန်လူငယ်များသည် တိုင်းရင်းသားလူမျိုးများ လက်ခံနိုင်သည့် နိုင်ငံ၏ အမည်နာမ ပြန်လည်သတ်မှတ်ရန်လိုအပ်ကြောင်း အလေးအနက်ထားဆွေးနွေးခဲ့ကြသည်။ အားလုံးလက်ခံနိုင်သည့် အမည်နာမ ပြန်လည်သတ်မှတ်လိုက်လျှင် ယခုသုတေသနစာတမ်းတွင်"မြန်မာနိုင်ငံ" ဆိုသည့်နေရာတွင်  အစားထိုးသုံးနှုန်းသွားမည်ဖြစ်ကြောင်း မှတ်ချက်ပြုပါသည်။

၁၃ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC) က ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ် အစိတ်အပိုင်း (၁) ကို၊ မတ်လ (၃၁) ရက်နေ့၊ ၂၀၂၁ ခုနှစ်တွင် ထုတ်ပြန်ကြေညာပြီး၊ ဇန်နဝါရီလ ၂၉၊ ၂၀၂၂ ရက်နေ့"ပထအကြိမ် ပြည်သူ့ညီလာခံတွင် အတည်ပြုခဲ့သည်။

၁၄ ဖက်ဒရယ်ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေး နှင့် ညှိနှိုင်းမှု ကော်မတီ၊ Federal Consttitution Drafting and Coordinating Committttee (FCDCC)၊ "ဖက်ဒရယ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံမ အခြေခံဥပဒေ (ဒုတိယမူကြမ်း)၊ ဖေဖော်ဝါရီလ ၁၂၊ ၂၀၀၈။

၁၅ ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ၊ သုတေသနနှင့်ဥပဒေရေးရာဌာန၊ မွမ်းမံဖြည့်စွက်တင်ပြသောအချက်များ (မူကြမ်း)၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်

၁၆ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၁၄ ဖွဲ့မှ ချင်းမိုင်မြို့၊ ထိုင်းနိုင်ငံတွင် ၂၀၁၇ ခုနှစ်၊ ဧပြယ်လ ၈ ရက်နေ့မှ ၉ ရက်နေ့ထိ ကျင်းပသည့် ညီလာခံတွင် ဖက်ဒရယ်အခြေခံမူ (၈) ချက်ကို သဘောတူချမှတ်ခဲ့ကြသည်။ Ethnic Armed Group Leaders Agree to Basic Federal Principles

၁၇ အခြေခံဥပဒေရေးဆွဲရေးကော်မတီ မွန်လူမျိုးရေးရာ အဖွဲ့ချုပ်၊ ရာမညမွန်ပြည် (နယ်) ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း)၊ တတိယအကြိမ်၊ ၂၀၁၁ ခုနှစ်၊ လ၊ ရက်နေ့

၁၈ "စု၊ ရွေး၊ လွှတ်"ဆိုသည်မှာ စစ်အာဏာရှင်တော်လှန်ရေး အစုအဖွဲ့များ၏ တောင်းဆိုချက်ဖြစ်သည်။ "စု" ဆိုသည်မှာ ဒေါ်အောင်ဆန်းစုကြည်နှင့် မတရားဖမ်းထိန်းသိမ်းထားသူများအား ချက်ချင်းလွှတ်ရန်၊ "ရွေး" ဆိုသည်မှာ ၂၀၂၀ ရွေးကောက်ပွဲ ရလဒ်ကို အသိအမှတ်ပြုရန်၊ "လွှတ်" ဆိုသည်မှာ လွှတ်တော်အသီးသီးအား အမြန်ဆုံးခေါ်ယူပေးရန် တို့ဖြစ်သည်။

၁၉ The Irrawaddy, "Myanmar Coup Highlights in 90 Days", May1, 2021. https://www.irrawaddy.com/news/burma/myanmar-coup-highlights-90-days.html

## သုတေသနစာတမ်း အကြောင်း


| | |
|---|---|
| သုတေသနစာတမ်း - အမည် | မွန်လူငယ်များရှုထောင့်မှ ဖက်ဒရယ်အား ဖျတ်ခနဲ မျှော်ကြည့်ခြင်း<br>A Glance at Federalism from the perspectives of Mon Youth |
| ထုတ်ဝေသည့်အဖွဲ့ - | ရာမည ဖက်ဒရယ် အင်အားစုသစ်<br>(New Rehmonnya Federation Force) |
| ထုတ်ဝေသည့်ကာလ - | ဇူလိုင်လ ၁၀ ရက်နေ့၊ ၂၀၂၂ ခုနှစ် |
| ဆက်သွယ်ရန် - | nrff.mon@gmail.com |